နှစ်ပတ်လည်အစီရင်ခံစာ ၂၀၂၃ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နှစ်ပတ်လည်အစီရင်ခံစာ

## ၂၀၂၃ ခုနှစ်

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ

# နှစ်ပတ်လည်အစီရင်ခံစာ

## ၂၀၂၃ ခုနှစ်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၂၃ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| | ▪ ကော်မရှင်ဖွဲ့စည်းခြင်း | ၁ |
| | ▪ ကော်မရှင်အဖွဲ့ဝင်များ တာဝန်ခွဲဝေဆောင်ရွက်မှု | ၂-၃ |
| | ▪ ကော်မရှင်ရုံးဖွဲ့စည်းမှု | ၃ |
| | ▪ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများ | ၃-၄ |
| ၂။ | လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ | |
| | ▪ လုပ်ငန်းတာဝန်များ | ၄ |
| | ▪ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ဆောင်ရွက်ခြင်း | ၅ |
| | ▪ လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချခြင်း | ၆ |
| | ➢ တပ်မတော်အရာရှိသင်တန်းများ | ၆-၁၀ |
| | ➢ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖွင့်လှစ်သော သင်တန်းများ | ၁၀-၁၄ |
| | ➢ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖွင့်လှစ်သော သင်တန်းများ | ၁၄-၁၆ |
| | ➢ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွင့်လှစ်သော သင်တန်းများ | ၁၆ |
| | ➢ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဖွင့်လှစ်သော သင်တန်းများ | ၁၆-၁၇ |
| | ➢ အကျဉ်းဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ | ၁၇-၂၀ |
| | ➢ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်သောသင်တန်းများ | ၂၀-၂၁ |
| | ➢ အခြားဝန်ကြီးဌာန/ အဖွဲ့အစည်းများက ဖွင့်လှစ်သောသင်တန်းများ | ၂၂ |
| | ▪ ကော်မရှင်ရုံးဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း | ၂၂-၂၃ |
| | ▪ ပြည်ထောင်စုဝန်ကြီးဌာနများက ကျင်းပသော အစည်းအဝေးများသို့ တက်ရောက်ခြင်း | ၂၃-၂၅ |
| | ▪ အဖွဲ့အစည်း/ အသင်းအဖွဲ့များနှင့် တွေ့ဆုံခြင်း | ၂၅ |
| | ▪ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုထုတ်ဝေနိုင်ရေးဆောင်ရွက်ခြင်း | ၂၅-၂၆ |
| | ▪ ပုံနှိပ်ထုတ်ဝေခြင်း | ၂၆ |
| | ▪ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း | ၂၇ |
| | ▪ သတင်းထုတ်ပြန်သည့် ကိစ္စရပ်များ ဆောင်ရွက်ခြင်း | ၂၇-၂၉ |
| | ▪ သတင်းအချက်အလက်များ ဖြန့်ချိခြင်း | ၂၉ |
| | ▪ ဘာသာရပ်ဆိုင်ရာ ဆန်းစစ်သုံးသပ်မှုများ ဆောင်ရွက်ခြင်း | ၂၉-၃၀ |
| | ▪ အခြားဆောင်ရွက်မှုများ | ၃၀ |
| | ➢ ကော်မရှင်စာကြည့်တိုက် (Resource Center) | ၃၀ |
| | ➢ အသိပညာမျှဝေခြင်း (Knowledge Sharing) များ ပြုလုပ်ခြင်း | ၃၀-၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ➢ လူ့အခွင့်အရေးနေ့များဆိုင်ရာ အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း | ၃၁-၃၂ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၃၃-၄၇ |
| ၃။ | **လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၄၈ |
| | ▪ တိုင်တန်းချက်များအပေါ် ဆောင်ရွက်မှု အခြေအနေ | ၄၈-၄၉ |
| | ▪ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်ကြားစာရရှိမှုအခြေအနေ | ၄၉ |
| | ▪ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကော်မရှင်မှ ပေးပို့သည့် တိုင်တန်းချက် ၄၉ မှုအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ပြန်ကြားလာမှု အခြေအနေ | ၄၉-၅၀ |
| | ▪ ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များအပေါ် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များ နှင့် ပူးပေါင်းဆောင်ရွက်မှု | ၅၀-၅၆ |
| | ▪ အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံး အချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်း | ၅၆-၆၀ |
| | ▪ ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများ | ၆၀-၆၂ |
| | ▪ ရဲစခန်း အချုပ်ခန်းများနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ | ၆၃ |
| | ▪ လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများနှင့် ဘိုးဘွားရိပ်သာများအား ကြည့်ရှုစစ်ဆေးခြင်း | ၆၃-၇၀ |
| | ▪ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန၏ ပူးပေါင်းဆောင်ရွက်မှုများ | ၇၀-၇၄ |
| | ▪ ပြစ်ဒဏ်ကျအကျဉ်းသားများ စိစစ်ရေးကော်မတီတွင် ပါဝင်ဆောင်ရွက်မှု | ၇၄ |
| | ▪ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ | ၇၄ |
| | ▪ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး တက်ရောက် ခြင်း | ၇၅ |
| | ▪ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ | ၇၅ |
| | ▪ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံခြင်း | ၇၅ |
| | ▪ ကြည့်ရှုစစ်ဆေးခြင်း အခြေပြဇယားနှင့် Chart | ၇၅-၇၆ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၇၇-၈၂ |
| ၄။ | **ဥပဒေရေးရာဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၈၃ |
| | ▪ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ ပေးပို့ခြင်း | ၈၃-၈၅ |
| | ▪ တရားဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်တက်ရောက်ခြင်း | ၈၅-၈၇ |
| | ▪ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်ခြင်း | ၈၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ▪ ဘာသာပြန်ဆိုခြင်း | ၉၇-၉၈ |
| | ▪ ပုံနှိပ်ထုတ်ဝေခြင်း | ၉၈ |
| | ▪ အခြားဆောင်ရွက်ချက်များ | ၉၈-၉၉ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၀၀-၁၀၆ |
| ၅။ | နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ | |
| | ▪ လုပ်ငန်းတာဝန်များ | ၁၀၇ |
| | ▪ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၁၀၇ |
| | ➢ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး တက်ရောက်ခြင်း | ၁၀၇-၁၀၈ |
| | ➢ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး တက်ရောက်ခြင်း | ၁၀၈-၁၀၉ |
| | ➢ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် - ASEAN Intergovernmental Commission on Human Rights (AICHR) နှင့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) တို့အကြား တွေ့ဆုံဆွေးနွေးပွဲ (AICHR – SEANF Interface Meeting) တက်ရောက်ခြင်း | ၁၁၀ |
| | ➢ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) ၏ ၂၀၂၂-၂၀၂၆ မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၁၁၀ |
| | ➢ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) ၏ အကြိမ် (၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲ တက်ရောက်ခြင်း | ၁၁၁-၁၁၂ |
| | ▪ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Asia Pacific Forum of National Human Rights Institutions (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၁၁၂-၁၁၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ➢ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Asia Pacific Forum of National Human Rights Institutions (APF) ၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၂) နှစ်တစ်ကြိမ် ကျင်းပသည့် ညီလာခံတို့သို့ တက်ရောက်ခြင်း | ၁၁၃ |
| | ▪ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး - Global Alliance on Human Rights Institutions (GANHRI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | |
| | ➢ GANHRI ၏ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ (Sub-Committee on Accreditation – SCA) သို့ အချက်အလက်များ ပေးပို့ခြင်း | ၁၁၄ |
| | ▪ Forum on Global Human Rights Governance သို့ တက်ရောက်ခြင်း | ၁၁၄ |
| | ▪ အထူးသုံးသပ်မှု ခံယူခြင်း | ၁၁၄-၁၁၅ |
| | ▪ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ - International Committee of the Red Cross (ICRC) နှင့် ထိတွေ့ဆောင်ရွက်ခြင်း | ၁၁၅ |
| | ➢ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံအတွင်း အကျဉ်းထောင်လေ့လာရေး အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ် ကျင်းပခြင်း | ၁၁၅-၁၁၆ |
| | ▪ အခြားဆောင်ရွက်ချက်များ | |
| | ➢ အချက်အလက်များပေးပို့ခြင်း | ၁၁၆ |
| | ➢ ဖိလစ်ပိုင်နိုင်ငံလူ့အခွင့်အရေးကော်မရှင် (CHRP) မှ ပေးပို့သော Survey ဖြေဆိုခြင်း | ၁၁၆ |
| | ➢ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) မှ ပေးပို့ လာသော Survey ဖြေဆိုခြင်း | ၁၁၆-၁၁၇ |
| | ➢ Survey ဖြေဆိုခြင်း | ၁၁၇ |
| | ▪ ကော်မရှင်ရုံးဝန်ထမ်းများ၏ ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများ | ၁၁၇-၁၁၈ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၁၉-၁၂၂ |
| ၆။ | **စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၁၂၃ |
| | ▪ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း | ၁၂၃ |
| | ➢ ကော်မရှင်ပုံမှန်အစည်းအဝေး | ၁၂၃ |
| | ➢ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ | ၁၂၄ |
| | ➢ ကော်မရှင်အထူးအစည်းအဝေးများ | ၁၂၄ |
| | ▪ ဝန်ထမ်းရေးရာကိစ္စရပ်များ | ၁၂၄-၁၂၆ |
| | ▪ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်နိုင်ရေး ဆောင်ရွက်မှု | ၁၂၅-၁၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ▪ လူ့အခွင့်အရေးဆိုင်ရာကော်မတီ/ ဖဟိုအဖွဲ့များတွင် ပါဝင်ဆောင်ရွက်မှု | ၁၂၆-၁၂၈ |
| | ▪ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အခမ်းအနား/ အစည်းအဝေး တက်ရောက်ခြင်း | ၁၂၉-၁၃၀ |
| | ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ | ၁၃၀ |
| | ▪ ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစား ပင်စင်စုဆောင်းငွေ | ၁၃၀-၁၃၁ |
| | ▪ ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ခြင်း | ၁၃၁ |
| | ▪ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်အပ်ပြီးအင်အား | ၁၃၁-၁၃၂ |
| | ▪ ကော်မရှင်၏ (၁၂) နှစ်တာ မှတ်တမ်းစာအုပ် ပြုစုထုတ်ဝေဖြန့်ချိခြင်း | ၁၃၂-၁၃၃ |
| | ▪ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ဆောင်ရွက်ခြင်း | ၁၃၃ |
| | ▪ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ရုံးဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း | ၁၃၃ |
| | ▪ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ Corruption Prevention Unit (CPU) အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ | ၁၃၃-၁၃၄ |
| | ▪ Desk Officer များ တာဝန်ပေးအပ်ခြင်း | ၁၃၄ |
| | ▪ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း | ၁၃၄-၁၃၅ |
| | ▪ အခမ်းအနားများ ဆောင်ရွက်မှု | ၁၃၅-၁၃၆ |
| | ▪ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် နေပြည်တော် (ရုံးခွဲ) ဖွင့်လှစ်ခြင်း | ၁၃၆ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၃၇-၁၄၅ |
| ၇။ | **e-Government လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လုပ်ငန်းတာဝန်များ | ၁၄၆ |
| | ▪ e-Government လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း | ၁၄၆ |
| | ▪ နည်းပညာကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း | ၁၄၆ |
| | ➢ Web Mail Training ဖွင့်လှစ်ခြင်း | ၁၄၆-၁၄၇ |
| | ➢ Digital Mapping Training နှင့် Artificial Intelligence (AI) နည်းပညာအကြောင်း သိကောင်းစရာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း | ၁၄၇ |
| | ➢ Animation Video Production သင်တန်းဖွင့်လှစ်ခြင်း | ၁၄၇ |
| | ▪ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ တက်ရောက်ခြင်း | ၁၄၇-၁၄၉ |
| | ▪ အခြားဆောင်ရွက်ချက်များ | ၁၄၉ |
| | ➢ ကော်မရှင် e-Newsletter ထုတ်ဝေခြင်း | ၁၄၉ |
| | ➢ ဒီဇိုင်းများ ရေးဆွဲခြင်း | ၁၄၉ |
| | ➢ MNHRC Mobile Application အဆင့်မြှင့်တင်ခြင်း | ၁၄၉ |
| | ▪ Web Administrator အဖြစ် ဆောင်ရွက်ခြင်း | ၁၅၀-၁၅၁ |
| | ▪ Myanmar National Web Portal ၌ သတင်းများ ဖော်ပြခြင်း | ၁၅၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ▪ Data Server တပ်ဆင်အသုံးပြုခြင်း | ၁၅၂ |
| | ▪ Firewall တပ်ဆင်အသုံးပြုခြင်း | ၁၅၂ |
| | ▪ Video Conferencing စနစ် တပ်ဆင်ထားရှိခြင်း | ၁၅၂ |
| | ▪ ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း နှင့် Chart | ၁၅၂ |
| | ▪ မှတ်တမ်းဓာတ်ပုံများ | ၁၅၃-၁၅၄ |
| ၈။ | ▪ နိဂုံး | ၁၅၅ |

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်
## ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလထိ အစီရင်ခံစာ
## နိဒါန်း

### ကော်မရှင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ပြည်ထောင်စု လွှတ်တော်က ဥပဒေအမှတ် ၂၁ ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါ ဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် “မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်” ကို ၂၄-၉-၂၀၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မရှင်ဥပဒေပုဒ်မ ၁၃ အရ ၁၄-၁-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့် ဦးဆောင်သော အဖွဲ့ဝင် (၁၁) ဦး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတော်၏ အရေးပေါ်ကာလ၌ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အမိန့်အမှတ် (၄/၂၀၂၁) ဖြင့် အဆိုပါ အဖွဲ့ကို ဆက်လက် တာဝန်ပေးအပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃-၈-၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် (၆၈/၂၀၂၃) ဖြင့် ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်အစား ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်ကို ကော်မရှင် ဥက္ကဋ္ဌအဖြစ် ပြောင်းလဲခန့်အပ် တာဝန်ပေးခဲ့ပြီး အောက်ဖော်ပြပါ အဖွဲ့ဝင် (၉) ဦးဖြင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်-

| | |
|---|---|
| (က) ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ |
| (ခ) ဒေါက်တာနန္ဒာမွန်း | ဒုတိယဥက္ကဋ္ဌ |
| (ဂ) ဦးကျော်စိုး | အဖွဲ့ဝင် |
| (ဃ) ဒေါက်တာသန်းမြင့် | အဖွဲ့ဝင် |
| (င) ဒေါ်နုနုယဉ် | အဖွဲ့ဝင် |
| (စ) ဒေါက်တာတင်မောင်မောင်သန်း | အဖွဲ့ဝင် |
| (ဆ) ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် |
| (ဇ) ဦးတင်အောင် | အဖွဲ့ဝင် |
| (ဈ) ဦးကျော်မြင့် | အဖွဲ့ဝင် |

**ကော်မရှင်အဖွဲ့ဝင်များ တာဝန်ခွဲဝေဆောင်ရွက်မှု**

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၁-၉-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၃) အရ ကော်မရှင်အဖွဲ့ဝင်များသည် အောက်ဖော်ပြပါအတိုင်း ဘာသာရပ်အလိုက် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | အမည် | ရာထူး | တာဝန်ခွဲဝေမှု |
|---|---|---|---|
| (က) | ဦးဧပေါ်လွင်စိန် | ဥက္ကဋ္ဌ | ဘာသာရပ်အားလုံး ကြီးကြပ်၍ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ကို အဓိက ကြီးကြပ်ဆောင်ရွက်သည်။ |
| (ခ) | ဒေါက်တာနန္ဒာမွန်း | ဒုတိယ ဥက္ကဋ္ဌ | ဘာသာရပ်အားလုံး ကြီးကြပ်၍ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဘာသာရပ်ကို အဓိကကြီးကြပ်ဆောင်ရွက်သည်။ |
| (ဂ) | ဦးကျော်စိုး | အဖွဲ့ဝင် | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဘာသာရပ် |
| (ဃ) | ဒေါက်တာသန်းမြင့် | အဖွဲ့ဝင် | လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဘာသာရပ်၊ e-Government ဘာသာရပ်၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ် |
| (င) | ဒေါ်နုနုယဉ် | အဖွဲ့ဝင် | ဥပဒေရေးရာဘာသာရပ် |
| (စ) | ဒေါက်တာတင်မောင်မောင်သန်း | အဖွဲ့ဝင် | နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဘာသာရပ် |
| (ဆ) | ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် | ဥပဒေရေးရာဘာသာရပ်၊ |

| | | | |
|---|---|---|---|
| | | | လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဘာသာရပ် |
| (ဓ) | ဦးတင်အောင် | အဖွဲ့ဝင် | လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဘာသာရပ်၊ စီမံရေးရာနှင့်ဘဏ္ဍာရေး ဘာသာရပ် |
| (န) | ဦးကျော်မြင့် | အဖွဲ့ဝင် | လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေး ဘာသာရပ် |

၄။ ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/ ၂၀၂၂) ဆုံးဖြတ်ချက်အရ (၆) လ တစ်ကြိမ် အလှည့်ကျ တာဝန်ထမ်းဆောင်သည့် ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်နှစ်ဦးအနက် တစ်ဦးက ကော်မရှင်ရုံး၏ စီမံခန့်ခွဲရေး နှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ ကိုယ်စား တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

**ကော်မရှင်ရုံးဖွဲ့စည်းမှု**

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို ဌာန (၆) ခုဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းထားရှိပါသည်-

(က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊

(ခ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊

(ဂ) ဥပဒေရေးရာဌာန၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၊

(စ) e- Government ဌာနတို့ဖြစ်ကြပါသည်။

**ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများ**

၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အပေါ် ပြည်သူလူထုက ပိုမို၍ ယုံကြည်အားထားလာစေရန်အတွက် ပြည်သူလူထုနှင့် လွယ်ကူစွာ ထိတွေ့ဆက်ဆံနိုင် စေရန် ရည်ရွယ်လျက် ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲ (၄) ရုံးကို အောက်ပါအတိုင်းဖွင့်လှစ်ထား ပါသည်-

| | | | |
|---|---|---|---|
| (က) | ကော်မရှင်ရုံးချုပ် | - | အမှတ် (၂၇)၊ ဖ ဓိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ခ) | နေပြည်တော် (ရုံးခွဲ) | - | သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ |
| (ဂ) | မန္တလေး (ရုံးခွဲ) | - | ကမ်းနားလမ်း၊ ၃၄ x ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| (ဃ) | စစ်တွေ (ရုံးခွဲ) | - | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| (င) | ပုသိမ် (ရုံးခွဲ) | - | ပုသိမ်မြို့နယ်၊ မြက်တိုစုပေါင်းရုံး၊ မဟာစေတီလမ်းမကြီး၊ အမှတ် (၁၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |

## လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၇။ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာ အဆင့်အတန်း မြှင့်တင်ခြင်းနှင့် ခွဲခြားမှုပုံသဏ္ဌာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

၈။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအနက်မှ လူ့အခွင့်အရေး အသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောပွဲများ၊ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချမှုများဟူ၍ အဓိကအားဖြင့် ကဏ္ဍ ၃ ခု ခွဲခြားဆောင်ရွက်လျက်ရှိပါသည်။

၉။ ၂၀၂၃ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို လူကိုယ်တိုင်သွားရောက်၍သော်လည်းကောင်း၊ Video Conferencing System ဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ဆောင်ရွက်ခြင်း

၁၀။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ၂၀၂၃ ခုနှစ်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက်အခါသမယဖြစ်သဖြင့် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်လျက်ရှိရာ "ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ" ကို ရန်ကုန်မြို့ရှိ Lotte Hotel ၌ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ဝ၉း၀ဝ နာရီအချိန်မှ ၁၂း၀ဝ နာရီ အချိန်ထိ ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အစိုးရဝန်ကြီးဌာနများရှိ ဒုတိယညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ထိ အရာထမ်း စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ပါသည်။

**ဇယား(၁) လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ဆောင်ရွက်မှု**

| စဉ် | ကာလ | ဆွေးနွေးပွဲအမည် | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁။ | ၁၄-၃-၂၀၂၃ | "ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ" | ဒုတိယညွှန်ကြားရေးမှူးချုပ် ၁ ဦး၊ ညွှန်ကြားရေးမှူး ၁၁ ဦး၊ ဒုတိယညွှန်ကြားရေးမှူး ၁၇ ဦး |

၁၁။ အလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါပုဂ္ဂိုလ်များမှ ရှင်းလင်း ဆွေးနွေးခဲ့ပါသည် -

| စဉ် | ဆွေးနွေးသည့်အကြောင်းအရာ | ဆွေးနွေးသူ |
|---|---|---|
| ၁။ | ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းမိတ်ဆက် | ဒေါက်တာခိုင်ခိုင်ဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်) |
| ၂။ | ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ၊ အပိုင်း (၁) | ဦးအာကာဟိန်းစိုး (ညွှန်ကြားရေးမှူး) |
| ၃။ | ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ၊ အပိုင်း (၂) | ဦးဇော်လွင်ထူး (ညွှန်ကြားရေးမှူး) |

**လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ သင်ခန်းစာပို့ချခြင်း**

၁၂။ အောက်ပါသင်တန်းများတွင် လူ့အခွင့်အရေး သင်ခန်းစာ ပို့ချမှုများ ဆောင်ရွက်ခဲ့ပါသည်-

(က) **တပ်မတော်အရာရှိသင်တန်းများ**

(၁) **နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်။** နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်သင်တန်း အမှတ်စဉ် (၂၂) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိကြီး ၉၅ ဦးတို့အား ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ က ၁၀-၈-၂၀၁၃ ရက်နေ့တွင် လူ့အခွင့်အရေးအခြေခံ အယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးယန္တရားနှင့် လူ့အခွင့်အရေး ကွန်ဗင်းရှင်းများ၊ ပါရီ အခြေခံမူများ (Paris Principles)၊ လူ့အခွင့်အရေး အဖွဲ့အစည်းများ ထူထောင်မှု (Establishment of NHRIs) နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် စသည့် ဘာသာရပ် သင်ခန်းစာများကို ရှင်းလင်းဆွေးနွေးပို့ချခြင်း၊

(၂) **စစ်ဦးစီးတက္ကသိုလ်။** စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၇၀) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိကြီး ၂၇၆ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ၁၅-၂-၂၀၁၃ ရက်နေ့တွင် သင်ခန်း စာ သွားရောက်ပို့ချခြင်း၊

(၃) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)။** ၈-၂-၂၀၁၃ ရက် နေ့တွင် ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၀၄) သို့ သင်တန်း သားအရာရှိ ၅၇ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်တို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၄) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး၊ ဘုရင့်နောင်)။** ၈-၂-၂၀၁၃ ရက်နေ့တွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)ရှိ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၁၅) သို့ သင်တန်း သား အရာရှိ ၁၂၄ ဦးနှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ရှိ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၈၃၊ ၈၄) တို့သို့ သင်တန်းသား အရာရှိ ၂၄၂ ဦး၊ စုစုပေါင်း သင်တန်းသားအရာရှိ ၃၆၆ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်

ဒေါက်တာတင်မောင်မောင်သန်းနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Video Conferencing ဖြင့် သင်ခန်းစာပို့ချခြင်း၊

(၅) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ၂၂-၃-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၀၅) သို့ သင်တန်းသား အရာရှိ ၆၂ ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်း အမှတ်စဉ် (၂၁၆) သို့ သင်တန်းသားအရာရှိ ၁၁၅ ဦး၊ စုစုပေါင်း သင်တန်းသား အရာရှိ ၁၇၇ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၆) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ၂၂-၃-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၈၅၊ ၈၆) တို့သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၃၈ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်နိုင်ဝင်းတို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း။

(၇) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ၂-၈-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၀၆) သို့ သင်တန်းသားအရာရှိ ၆၃ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၇) သို့ သင်တန်းသား အရာရှိ ၁၁၅ ဦး၊ စုစုပေါင်း သင်တန်းသား အရာရှိ ၁၇၈ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၈) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ၃-၈-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၈၇၊ ၈၈) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၄၂ ဦးတို့အား မြန်မာ နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိနိုင်တို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း၊

(၉) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ၁၃-၉-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၁၀၇) သို့ သင်တန်းသား ၆၄ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၁၈)

သို့ သင်တန်းသား အရာရှိ ၁၁၈ ဦး၊ စုစုပေါင်း သင်တန်းသားအရာရှိ ၁၈၂ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း။

(၁၀) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)။** ၁၃-၉-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၈၉၊ ၉၀) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၄၂ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း။

(၁၁) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)။** ၄-၁၀-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၂) သို့ တက်ရောက်သော သင်တန်းသားအရာရှိ ၅၉ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Video Conferencing ဖြင့် သင်ခန်းစာပို့ချခြင်း။

(၁၂) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)။** ၁-၁၁-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၀၈၊ ၁၀၉) သို့ သင်တန်းသားအရာရှိ ၁၂၃ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၉) သို့ သင်တန်းသား အရာရှိ ၁၁၀ ဦး၊ စုစုပေါင်း သင်တန်းသား အရာရှိ ၂၃၃ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း။

(၁၃) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)။** ၂-၁၁-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၁၊ ၉၂) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၁၁ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင်တို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း။

(၁၄) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ၂၂-၁၁-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၃) သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၆၂ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Video Conferencing ဖြင့် သင်ခန်းစာပို့ချခြင်း။

(၁၅) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)**။ ၂၀-၁၂-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၀၊ ၁၁၁) သို့ သင်တန်းသားအရာရှိ ၁၂၀ ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်း အမှတ်စဉ် (၂၂၀) သို့ သင်တန်းသား အရာရှိ ၁၁၆ ဦး၊ စုစုပေါင်း သင်တန်းသား အရာရှိ ၂၃၆ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခြင်း။

(၁၆) **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)**။ ၂၁-၁၂-၂၀၂၃ ရက်နေ့တွင် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၃၊ ၉၄) တို့သို့ တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၃၄ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့က Video Conferencing ဖြင့် သင်ခန်းစာပို့ချခြင်း၊

**ဇယား- (၂) ကာကွယ်ရေးဝန်ကြီးဌာနက ဖွင့်လှစ်သော သင်တန်းများ၌ သင်ခန်းစာပို့ချမှုများ**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁။ | နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သင်တန်း အမှတ်စဉ် (၂၂) | နေပြည်တော် | ၉၅ ဦး |
| ၂။ | စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၇၀) | ကလော | ၂၇၆ ဦး |
| | တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး၊ ဘုရင့်နောင်) | | |
| ၃။ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၀၄) | ဗထူး | ၅၇ ဦး |
| ၄။ | ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၁၅) | | ၁၂၄ ဦး |
| ၅။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၈၃၊ ၈၄) | ဘုရင့်နောင် | ၂၄၂ ဦး |
| ၆။ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၀၅) | ဗထူး | ၆၂ ဦး |
| ၇။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၁၆) | | ၁၁၅ ဦး |
| ၈။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ်(၈၅၊ ၈၆) | ဘုရင့်နောင် | ၂၃၈ ဦး |

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၉။ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၀၆) | ဗထူး | ၆၃ ဦး |
| ၁၀။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၁၇) | ဘုရင့်နောင် | ၁၁၅ ဦး |
| ၁၁။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ်(၈၇၊ ၈၈) | | ၂၄၂ ဦး |
| ၁၂။ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၀၇) | ဗထူး | ၆၄ ဦး |
| ၁၃။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၁၈) | | ၁၁၈ ဦး |
| ၁၄။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ်(၈၉၊ ၉၀) | ဘုရင့်နောင် | ၂၄၂ ဦး |
| ၁၅။ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၂) | | ၅၉ ဦး |
| ၁၆။ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၀၈၊ ၁၀၉) | ဗထူး | ၁၂၃ ဦး |
| ၁၇။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၁၉) | | ၁၁၀ ဦး |
| ၁၈။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၁၊ ၉၂) | ဘုရင့်နောင် | ၂၁၁ ဦး |
| ၁၉။ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၃) | | ၆၂ ဦး |
| ၂၀။ | ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၀၊ ၁၁၁) | ဗထူး | ၁၂၀ ဦး |
| ၂၁။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၀) | | ၁၁၆ ဦး |
| ၂၂။ | ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၃၊ ၉၄) | ဘုရင့်နောင် | ၂၃၄ ဦး |

(ခ) **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချခြင်း**

(၁) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ ၂-၁-၂၀၂၃ ရက်နေ့တွင် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၉) သို့ သင်တန်းသား/သူ စုစုပေါင်း ၄၂ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့က သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ ၃-၁-၂၀၂၃ ရက်နေ့တွင် အခြေခံပညာ ဆရာ/ ဆရာမအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၀) သို့ သင်တန်းသား/သူ စုစုပေါင်း ၄၉၇ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း။

(၃) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**။ ၅-၁-၂၀၂၃ ရက်နေ့တွင် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၁) သို့ သင်တန်းသား/ သူ စုစုပေါင်း ၂၀ ဦးနှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၂) သို့ သင်တန်းသား/ သူ စုစုပေါင်း ၃၈ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း။

(၄) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ ၂၄-၂-၂၀၂၃ ရက်နေ့တွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၇) သို့ သင်တန်းသား/သူ စုစုပေါင်း ၁၇ ဦးအား မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့ကလည်းကောင်း၊ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၀) သို့ သင်တန်းသား/သူ စုစုပေါင်း ၃၆ ဦးအား ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးနှင့် ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်တို့ကလည်းကောင်း သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၅) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**။ ၂၀-၃-၂၀၂၃ ရက်နေ့တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၂) သို့ သင်တန်းသား/သူ စုစုပေါင်း ၁၇ ဦးနှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၁၃) သို့ သင်တန်းသား/သူ စုစုပေါင်း ၃၉ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက် ပို့ချခြင်း။

(၆) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**။ ၂၂-၅-၂၀၂၃ ရက်နေ့တွင် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၁) သို့ သင်တန်းသား /သူ စုစုပေါင်း ၄၈ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်း တို့က သင်ခန်းစာ သွားရောက်ပို့ချခြင်း။

(၇) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**။ ၂၇-၆-၂၀၂၃ ရက်နေ့တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၃) သို့ သင်တန်းသား/သူ စုစုပေါင်း ၂၁ ဦးနှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၁၄) သို့ သင်တန်းသား/သူ စုစုပေါင်း ၄၂ ဦးတို့အား

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၈) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)။** ၄-၇-၂၀၂၃ ရက်နေ့တွင် အခြေခံပညာ ဆရာ/ ဆရာမအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၁) သို့ သင်တန်းသား/သူ စုစုပေါင်း ၄၈၈ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၉) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)။** ၂၂-၈-၂၀၂၃ ရက်နေ့တွင် အခြေခံပညာ ဆရာ/ ဆရာမအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၂) သို့ သင်တန်းသား/ သူ စုစုပေါင်း ၄၈၃ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၁၀) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)။** ၈-၉-၂၀၂၃ ရက်နေ့တွင် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၁၅) သို့ သင်တန်းသား/သူ စုစုပေါင်း ၄၂ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့မှ သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၁၁) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)။** ၁၄-၁၁-၂၀၂၃ ရက်နေ့တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်း အမှတ်စဉ် (၁၄) သို့ သင်တန်းသား/သူ စုစုပေါင်း ၂၃ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့မှ သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၁၂) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)။** ၁၅-၁၁-၂၀၂၃ ရက်နေ့တွင် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၆) သို့ သင်တန်းသား/သူ စုစုပေါင်း ၄၂ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့မှ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၁၃) **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)။** ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် အခြေခံပညာ ဆရာ/ ဆရာမအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၃) သို့ သင်တန်းသား/သူ စုစုပေါင်း ၃၈၅ ဦးတို့အား မြန်မာနိုင်ငံ

အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

ဇယား- (၃) ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချမှုများ

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| ၁။ | အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၉) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၄၂ ဦး |
| ၂။ | အခြေခံပညာ ဆရာ/ဆရာမ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၁၀၀) | | ၄၉၇ ဦး |
| ၃။ | ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၁) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၂၀ ဦး |
| ၄။ | အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၂) | | ၃၈ ဦး |
| ၅။ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၇) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၁၇ ဦး |
| ၆။ | အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၀) | | ၃၆ ဦး |
| ၇။ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၂) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၁၇ ဦး |
| ၈။ | အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၁၃) | | ၃၉ ဦး |
| ၉။ | အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၂၁) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၄၈ ဦး |
| ၁၀။ | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်း အမှတ်စဉ် (၁၃) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၂၁ ဦး |
| ၁၁။ | အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၄) | | ၄၂ ဦး |
| ၁၂။ | အခြေခံပညာ ဆရာ/ဆရာမ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၁၀၁) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၄၈၈ ဦး |

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| ၁၃။ | အခြေခံပညာ ဆရာ/ဆရာမ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၁၀၂) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၄၈၃ ဦး |
| ၁၄။ | အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၅) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၄၂ ဦး |
| ၁၅။ | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်း အမှတ်စဉ် (၁၄) | | ၂၃ ဦး |
| ၁၆။ | အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၆) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၄၂ ဦး |
| ၁၇။ | အခြေခံပညာ ဆရာ/ဆရာမ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၁၀၃) | | ၃၈၅ ဦး |

(ဂ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်း၊ အမှုစစ် (အရာရှိ) သင်တန်း၊ မှုခင်းမှတ်တမ်းအရာရှိသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး)၊ တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်းအမှတ်စဉ် (၂/ ၂၀၂၂) မှ သင်တန်းသား ၄၉ ဦး၊ အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၇၆/ ၂၀၂၂) မှ သင်တန်းသား ၁၀၀ ဦး နှင့် မှုခင်းမှတ်တမ်း အရာရှိသင်တန်း အမှတ်စဉ် (၁၇/၂၀၂၃) မှ သင်တန်းသား ၁၀၀ ဦး စုစုပေါင်း သင်တန်းသားအရာရှိ ၂၄၉ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ချုပ် ဦးဘုန်းကြွယ်က ၂-၂-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၂) **ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး)၊ ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း အမှတ်စဉ် (၇/၂၀၂၂) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၅၀ ဦး အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြား ရေးမှူးချုပ် ဦးဘုန်းကြွယ်က ၃၀-၃-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **စခန်းမှူးသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင် ကျောင်း (မန္တလေး)၊ စခန်းမှူးသင်တန်းအမှတ်စဉ် (၆၈/၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၉၉ ဦးအား မြန်မာနိုင်ငံ

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့က ၁၁-၅-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း။

(၄) **စုံထောက်အရာရှိသင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်)၊ စုံထောက်အရာရှိသင်တန်းအမှတ်စဉ် (၁၉၂/၂၀၂၂) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၁၂၀ ဦးအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ၁၂-၆-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၅) **အမှုစစ် (အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) အမှုစစ်(အရာရှိ) သင်တန်းအမှတ်စဉ် (၇၇/၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိ ၂၅၈ ဦးအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ၂၃-၈-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း။

(၆) **စုံထောက်(အရာရှိ)သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်)၊ စုံထောက်အရာရှိသင်တန်းအမှတ်စဉ် (၁၉၃ /၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၁၂၀ ဦးအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၇) **အမှုစစ်(အရာရှိ) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး)၊ အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၇၈/၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိ ၂၉၈ ဦးအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ၆-၁၁-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၈) **အမှုစစ်အရာရှိ(အထူး) သင်တန်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး)၊ အမှုစစ်အရာရှိ (အထူး) သင်တန်း အမှတ်စဉ် (၄/၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိ ၅၀ ဦးအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊

ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၃၀-၁၁-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း။

(ဃ) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချခြင်း**

(၁) **စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း။** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ)၊ စီမံခန့်ခွဲရေးဝန်ထမ်း အဆင့် (၁) လုပ်ငန်းခွင်ဝင် သင်တန်း အမှတ်စဉ် (၁/ ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၁၀၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိနိုင်က ၂၇-၆-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း။

(၂) **စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း။** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ)၊ စီမံခန့်ခွဲရေးဝန်ထမ်း အဆင့် (၁) လုပ်ငန်းခွင်ဝင် သင်တန်း အမှတ်စဉ် (၂/၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၁၀၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိနိုင်က ၂၅-၁၀-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း။

(င) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဖွင့်လှစ်သောသင်တန်းများတွင် သင်ခန်းစာ ပို့ချခြင်း**

(၁) **ဥပဒေဘာသာ (အထူး) သင်တန်း။** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဥပဒေဘာသာ (အထူး) သင်တန်းအမှတ်စဉ် (၁/ ၂၀၂၃) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၂၀ ဦး တို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေး မှူးချုပ် ဦးဘုန်းကြွယ်က ၂၉-၃-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွား ရောက်ပို့ချခြင်း။

(၂) **စုံစမ်းရေးမှူး (လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး) သင်တန်း။** ပြည်ထဲ ရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ စုံစမ်းရေးမှူး (လုပ်ငန်းစွမ်း ဆောင်ရည်မြင့်မားရေး) သင်တန်းအမှတ်စဉ် (၄) တွင် တက်ရောက်

နေသော သင်တန်းသားအရာရှိ ၂၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ၂-၆-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၃) **စုံစမ်းရေးမှူး (လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး) သင်တန်း။** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ စုံစမ်းရေးမှူး (လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး) သင်တန်းအမှတ်စဉ် (၅) တွင် တက်ရောက်နေသော သင်တန်းသားအရာရှိ ၁၉ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ၁၀-၈-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၄) **ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း။** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၈) တွင် တက်ရောက်နေသော သင်တန်းသား အရာရှိ ၁၉ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၅) **အမှုစစ်သင်တန်း။** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ အမှုစစ်သင်တန်းအမှတ်စဉ် (၄) တွင် တက်ရောက်နေသော သင်တန်း သားအရာရှိ ၂၁ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၂၂-၁၂-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၈) **အကျဉ်းဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **ထောင်တာဝန်ခံအရာရှိသင်တန်း။** အကျဉ်းဦးစီးဌာန၊ အကျဉ်းဦးစီးဌာန သင်တန်းကျောင်း၌ ထောင်တာဝန်ခံအရာရှိသင်တန်း အမှတ်စဉ် (၁၇) တွင် တက်ရောက်နေသော သင်တန်းသား ၄၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယ

ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၂၀-၃-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

(၂) **လက်ထောက်ကြီးကြပ်ရေးမှူး-၁ သင်တန်း။** အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးကျောင်း (မန္တလေး) ၌ လက်ထောက်ကြီးကြပ် ရေးမှူး-၁ သင်တန်းအမှတ်စဉ် (၁၇) တွင် တက်ရောက်နေသော သင်တန်းသား ၁၄၉ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၂၂-၃-၂၀၂၃ ရက် နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၃) **ဒုတိယကြီးကြပ်ရေးမှူးသင်တန်း။** အကျဉ်းဦးစီးဌာန (နေပြည်တော်) ၌ ဒုတိယကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁၄) တွင် တက်ရောက် နေသော သင်တန်းသား ၅၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ၅-၇-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

(၄) **ထောင်တာဝန်ခံအရာရှိသင်တန်း။** အကျဉ်းဦးစီးဌာန၊ အကျဉ်းဦးစီး ဌာန သင်တန်းကျောင်း၌ ထောင်တာဝန်ခံအရာရှိသင်တန်း အမှတ်စဉ် (၁၈) တွင် တက်ရောက်နေသော သင်တန်းသား/သူ ၂၇ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ၂၅-၁၀-၂၀၂၃ ရက်နေ့တွင် သင်ခန်းစာ သွားရောက် ပို့ချခြင်း၊

ဇယား- (၄) ပြည်ထဲရေးဝန်ကြီးဌာနက ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချမှုများ

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | | |
| ၁။ | တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်း အမှတ်စဉ် (၂/ ၂၀၂၂) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၂၄၉ ဦး |
| ၂။ | အမှုစစ် (အရာရှိ) သင်တန်း အမှတ်စဉ် (၇၆/ ၂၀၂၂) | | |
| ၃။ | မှူခင်းမှတ်တမ်းအရာရှိသင်တန်းအမှတ်စဉ် (၁၇/ ၂၀၂၃) | | |
| ၄။ | ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်းအမှတ်စဉ် (၇/ ၂၀၂၂) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၅၀ ဦး |

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| ၅။ | စခန်းမှူးသင်တန်းအမှတ်စဉ် (၆၈/ ၂၀၂၃) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၉၉ ဦး |
| ၆။ | စုံထောက်အရာရှိသင်တန်းအမှတ်စဉ် (၁၉၂/၂၀၂၂) | လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) | ၁၂၀ ဦး |
| ၇။ | အမှုစစ်(အရာရှိ)သင်တန်းအမှတ်စဉ် (၇၇/ ၂၀၂၃) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၂၅၈ ဦး |
| ၈။ | စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ် (၁၉၃/၂၀၂၃) | မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) | ၁၂၀ ဦး |
| ၉။ | အမှုစစ်(အရာရှိ)သင်တန်းအမှတ်စဉ် (၇၈/ ၂၀၂၃) | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) | ၂၉၈ ဦး |
| ၁၀။ | အမှုစစ်အရာရှိ(အထူး)သင်တန်းအမှတ်စဉ် (၄/ ၂၀၂၃) | | ၅၀ ဦး |
| **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | | | |
| ၁။ | စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/ ၂၀၂၃) | အုပ်ချုပ်မှုပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) | ၁၀၀ ဦး |
| ၂။ | စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၂/ ၂၀၂၃) | အုပ်ချုပ်မှုပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) | ၁၀၀ ဦး |
| **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** | | | |
| ၁။ | ဥပဒေဘာသာ (အထူး) သင်တန်းအမှတ်စဉ် (၁/ ၂၀၂၃) | စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) | ၂၀ ဦး |
| ၂။ | စုံစမ်းရေးမှူး (လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး) သင်တန်းအမှတ်စဉ် (၄) | စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) | ၂၀ ဦး |
| ၃။ | စုံစမ်းရေးမှူး (လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး) သင်တန်းအမှတ်စဉ် (၅) | စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) | ၂၀ ဦး |
| ၄။ | ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းအမှတ်စဉ် (၈) | စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) | ၁၉ ဦး |

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| ၅။ | အမှုစစ်သင်တန်းအမှတ်စဉ် (၄) | စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) | ၂၁ ဦး |
| | | **အကျဉ်းဦးစီးဌာန** | |
| ၁။ | ထောင်တာဝန်ခံအရာရှိသင်တန်း အမှတ်စဉ် (၁၇) | အကျဉ်းဦးစီးဌာန (နေပြည်တော်) | ၄၀ ဦး |
| ၂။ | လက်ထောက်ကြီးကြပ်ရေးမှူး-၁ သင်တန်း အမှတ်စဉ် (၁၇) | ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း၊ အကျဉ်းဦးစီးဌာန (မန္တလေး ) | ၁၄၉ ဦး |
| ၃။ | ဒုတိယကြီးကြပ်ရေးမှူးသင်တန်း အမှတ်စဉ် (၁၄) | အကျဉ်းဦးစီးဌာန (နေပြည်တော်) | ၅၀ ဦး |
| ၄။ | ထောင်တာဝန်ခံအရာရှိသင်တန်း အမှတ်စဉ် (၁၈) | အကျဉ်းဦးစီးဌာန (နေပြည်တော်) | ၂၇ ဦး |

(ဆ) **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **လူ့အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းများအသိပညာမြင့်မားရေးသင်တန်း။** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် "လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အသိပညာမြင့်မားရေး သင်တန်းတွင် တက်ရောက်နေသော သင်တန်းသား/ သူ ၂၅ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို ၆-၃-၂၀၂၃ ရက်နေ့တွင် သွားရောက်ပို့ချခြင်း၊

(၂) **သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်သူများသင်တန်း။** သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ ဖွင့်လှစ်သည့် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်သူများသင်တန်း အပတ်စဉ် (၁၃) တွင် တက်ရောက်နေသော သင်တန်းသား ၂၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်နှင့် ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်တို့က လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို ၂၀-၃-၂၀၂၃ ရက်နေ့တွင် သွားရောက်ပို့ချခြင်း၊

(၃) **သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်သူများသင်တန်း။** သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ ဖွင့်လှစ်

သည့် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်သူများသင်တန်း အပတ်စဉ် (၁၄) တွင် တက်ရောက်နေသော သင်တန်းသား ၁၉ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်မှ လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများကို ၁၇-၇-၂၀၂၃ ရက်နေ့တွင် သွားရောက်ပို့ချခြင်း။

(၄) **ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း။** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဖွင့်လှစ်သည့် "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း" တွင် တက်ရောက်နေသော သင်တန်းသား/ သူ ၃၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး ဆိုင်ရာ သင်ခန်းစာများကို ၁၉-၁၀-၂၀၂၃ ရက်နေ့တွင် သွားရောက် ပို့ချခြင်း၊

**ဇယား- (၅) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာ ပို့ချမှုများ**

| စဉ် | အကြောင်းအရာ | နေရာ | ဦးရေ |
|---|---|---|---|
| ၁။ | လူ့အခွင့်အရေးဆိုင်ရာ ကွန်ဖင်းရှင်းများ အသိပညာမြင့်မားရေးသင်တန်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၂၅ ဦး |
| ၂။ | သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက် သူများသင်တန်း အပတ်စဉ် (၁၃) | သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) | ၂၀ ဦး |
| ၃။ | သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက် သူများသင်တန်း အပတ်စဉ် (၁၄) | သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) | ၁၉ ဦး |
| ၄။ | ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဝန်ထမ်းများ စွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၃၀ ဦး |

(ဓ) **အခြားဝန်ကြီးဌာန/ အဖွဲ့အစည်းများက ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

(၁) **စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်း။** ၂၅-၈-၂၀၂၃ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ ဖွင့်လှစ်သော "စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်း (၁/၂၀၂၃)" တွင် တက်ရောက်နေသော သင်တန်းသား ၃၁ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့မှ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို သွားရောက် ပို့ချခြင်း။

(၂) **အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း။** ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော "အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (၄၄/၂၀၂၃)" တွင် တက်ရောက်နေသော သင်တန်းသား ၅၀ ဦးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို သွားရောက်ပို့ချခြင်း၊

ဇယား- (၆) **အခြားဝန်ကြီးဌာန/ အဖွဲ့အစည်းများက ဖွင့်လှစ်သော သင်တန်းများတွင် သင်ခန်းစာပို့ချမှုများ**

| စဉ် | အကြောင်းအရာ | နေရာ | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁။ | စုံစမ်းစစ်ဆေးရေးဆိုင်ရာအမှုစစ်သင်တန်း (၁/၂၀၂၃) | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | ၃၁ ဦး |
| ၂။ | အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (၄၄/၂၀၂၃) | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန် | ၅၀ ဦး |

**ကော်မရှင်ရုံး ဌာနတွင်း လူ့အခွင့်အရေးအသိပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း**

၁၃။ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများရှိ ဝန်ထမ်းများအနေဖြင့် လူ့အခွင့်အရေးအခြေခံအယူအဆများနှင့် လူ့အခွင့်အရေးစံနှုန်းများကို သိရှိနားလည်လာပြီး လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် လေးစားလိုက်နာ ကျင့်သုံးလာနိုင်စေရန်၊ လူ့အခွင့်အရေး အသိပညာပြန့်ပွားရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်

နှင့် ဝန်ထမ်းများ၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်တို့ကို ရည်ရွယ်၍ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများရှိ ဝန်ထမ်းများအတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း အသိပညာပေး သင်တန်းများကို ၁၀-၇-၂၀၂၃ ရက်နေ့မှ ၁၁-၇-၂၀၂၃ ရက်နေ့အထိ အမှတ်စဉ် (၁/၂၀၂၃) နှင့် ၁၉-၉-၂၀၂၃ ရက်နေ့မှ ၂၀-၉-၂၀၂၃ ရက်နေ့အထိ အမှတ်စဉ် (၂/၂၀၂၃) တို့ကို ဖွင့်လှစ်ခဲ့ရာ ကော်မရှင်ရုံးမှ ဝန်ထမ်း စုစုပေါင်း ၆၈ ဦးတို့သည် Hybrid System အသုံးပြု၍ တက်ရောက်ခဲ့ပါသည်။

ဇယား (၇) ကော်မရှင်ရုံး ဌာနတွင်းလူ့အခွင့်အရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုများ

| စဉ် | သင်တန်းကာလ | သင်တန်းအမည် | သင်တန်းသား/သူ ဦးရေ |
|---|---|---|---|
| ၁။ | ၁၀-၇-၂၀၂၃ မှ ၁၁-၇-၂၀၂၃ | ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း အသိပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃) | ၃၅ ဦး |
| ၂။ | ၁၉-၉-၂၀၂၃ မှ ၂၀-၉-၂၀၂၃ | ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း အသိပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၂၃) | ၃၃ ဦး |

## ပြည်ထောင်စုဝန်ကြီးဌာနများက ကျင်းပသောအစည်းအဝေးများသို့ တက်ရောက်ခြင်း

၁၄။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် "နိုင်ငံအတွင်းရှိ ပဋိပက္ခဒေသများတွင် ကလေးသူငယ်များ လက်နက်စောင့်ရှောက်မှုနှင့် ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေအား လေ့လာဆန်းစစ်သည့် သုတေသနလုပ်ငန်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်" ဆုံးဖြတ်ခဲ့မှုအရ ၁၄-၂-၂၀၂၃ ရက်နေ့တွင် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးသူရကျော်နှင့် ဦးဇော်လွင်ထူးတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

၁၅။ ၂၄-၂-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း NSPAW PHASE II အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၇-၆-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတို့သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး

ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့ ပါဝင် တက်ရောက်ခဲ့ပါသည်။

၁၆။ ၁၅-၉-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း NSPAW PHASE II အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး တို့ ပါဝင် တက်ရောက်ခဲ့ပါသည်။

၁၇။ ၁၅-၁၁-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၃) သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ပါဝင်တက်ရောက်ခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီးဌာနများက ကျင်းပသော အစည်းအဝေးများသို့ တက်ရောက်မှုများ**

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူ |
|---|---|---|---|
| ၁။ | ၁၄-၂-၂၀၂၃ | ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ (၁/၂၀၂၂) အစည်းအဝေး၏ ဆုံးဖြတ်ချက် အမှတ် (၂) အား ဆက်လက် ဆောင်ရွက်နိုင်ရေး ပြုလုပ်သည့် ညှိနှိုင်း အစည်း အဝေး | ဦးသူရကျော် (ညွှန်ကြားရေးမှူး) ဦးဇော်လွင်ထူး (ညွှန်ကြားရေးမှူး) |
| ၂။ | ၂၄-၂-၂၀၂၃ | အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း NSPAW PHASE II အကောင်အထည်ဖော်မှု ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး | ဦးဘုန်းကြွယ် (ညွှန်ကြားရေးမှူးချုပ်) ဦးဇော်လွင်ထူး (ညွှန်ကြားရေးမှူး) |
| ၃။ | ၇-၆-၂၀၂၃ | အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း NSPAW PHASE II အကောင်အထည်ဖော်မှု ဆိုင်ရာ ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်း အစည်းအဝေး | |
| ၄။ | ၁၅-၉-၂၀၂၃ | အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း NSPAW PHASE II အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲ | ဦးဘုန်းကြွယ် (ညွှန်ကြားရေးမှူးချုပ်) ဦးဇော်လွင်ထူး (ညွှန်ကြားရေးမှူး) |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူ |
|---|---|---|---|
| ၅။ | ၁၅-၁၁-၂၀၂၃ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/ ၂၀၂၃) | ဦးဘုန်းကြွယ် (ညွှန်ကြားရေးမှူးချုပ်) |

**အဖွဲ့အစည်း/ အသင်းအဖွဲ့များနှင့် တွေ့ဆုံခြင်း**

၁၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ၂၄-၁၁-၂၀၂၃ ရက်နေ့ ၁၃း၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့ ဦးဆောင်သော ကော်မရှင်ရုံးမှ တာဝန်ရှိသူ များနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးသိန်းဟန်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

၁၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင် ရွက်လျက်ရှိရာ ကလေးသူငယ်များ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက် နိုင်ရေးအတွက် ကလေးသူငယ်များ ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကလေးသူငယ်များ၏ အခွင့်အရေးများ နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ၂၂-၁၂-၂၀၂၃ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပ ပြုလုပ်ရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့ ဦးဆောင်သော ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ကလေးသူငယ်များဖွံ့ဖြိုးရေးအသင်းမှ ဥက္ကဋ္ဌ ဦးမင်းသိမ်း နှင့် အလုပ်အမှုဆောင် (အဖွဲ့ဝင်) တို့ တက်ရောက်ခဲ့ကြပါသည်။

**ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုထုတ်ဝေ နိုင်ရေး ဆောင်ရွက်ခြင်း**

၂၀။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများ လူ့အခွင့်အရေးအသိပညာ တိုးပွားလာစေရေး အတွက် "ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း" ကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆို ထုတ်ဝေနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင် စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး

တို့က ၁၀-၅-၂၀၂၃ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

၂၁။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများ လူ့အခွင့်အရေး အသိပညာ တိုးပွားလာစေရေးအတွက် "ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း" ကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုထုတ်ဝေနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က ၉-၈-၂၀၂၃ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြပါသည်။

**ပုံနှိပ်ထုတ်ဝေခြင်း**

၂၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာတမ်းအား တိုင်းရင်းသား ဘာသာ (၉) မျိုးသို့ ဘာသာပြန်ဆို၍ ကော်မရှင်မှ ပုံနှိပ်ထုတ်ဝေပြီးနောက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ မိတ်ဆက် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

**ဇယား (၈) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသား ဘာသာ (၉)မျိုးသို့ ဘာသာပြန်ဆိုပုံနှိပ်ခြင်း**

| စဉ် | မိတ်ဆက် ထုတ်ဝေသည့်ရက်စွဲ | တိုင်းရင်းသားဘာသာ | ပုံနှိပ်ထုတ်ဝေသည့် စာအုပ်အရေအတွက် |
|---|---|---|---|
| (က) | ၁၀-၁၂-၂၀၂၃ | လော်ဝေါ် (ကချင်) | ၂၅၀၀ |
| (ခ) | | ပေါင်းညွှမ်နာဂ | ၃၀၀ |
| (ဂ) | | လိုင်းနောင်နာဂ | ၇၅၀ |
| (ဃ) | | ခယမ်ညှူင်နန်နာဂ | ၁၀၀၀ |
| (င) | | မကူရီနာဂ | ၆၅၀ |
| (စ) | | ဂျဂျာရီ (ခ) ပါရာနာဂ | ၂၀၀ |
| (ဆ) | | ကိုညတ်နာဂ | ၈၀၀ |
| (ဇ) | | ဂုဏ်ဝမ်ပိုညိုနာဂ | ၄၀၀ |
| (ဈ) | | နာဂဘုံစာပေ | ၁၀၀ |
| စုစုပေါင်း | | | ၆၇၀၀ |

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း

၂၃။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ Desk Officer (Disable rights) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင်သည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနနှင့် ပူးပေါင်း၍ ၉-၁၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းနှင့် ကြည့်မြင်တိုင်မြို့နယ်ရှိ မျက်မမြင်ကျောင်းများသို့လည်းကောင်း၊ ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ၊ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) တို့သို့လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးရာတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

## သတင်းထုတ်ပြန်သည့်ကိစ္စရပ်များဆောင်ရွက်ခြင်း

၂၄။ **သတင်းထုတ်ပြန်ခြင်း။** လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များကို နိုင်ငံပိုင် သတင်းစာများနှင့် နိုင်ငံပိုင် မီဒီယာများ၊ ကော်မရှင် website တို့မှ သတင်းထုတ်ပြန်တင်ပြမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်း အပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၃) အား ဇန်နဝါရီလ ၇ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ခ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၂၂ ခုနှစ်အတွင်း ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့မှုတို့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၂၃) အား ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဂ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်သော သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၂၃) အား မတ်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ဃ) ပညာသင်ယူပိုင်ခွင့်နှင့် ပတ်သက်သည့် အရေးကြီးသော စဉ်းစားဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၂၃) အား မတ်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(င) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်း အပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၂၃) အား ဧပြီလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(စ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်း အပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၂၃) အား မေလ ၄ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(ဆ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်အမှတ် (၇/၂၀၂၃) အား မေလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(ဇ) အကျဉ်းထောင်အတွင်းမှ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်သူများ နှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်း ထုတ်ပြန်ချက်အမှတ် (၈/၂၀၂၃) အား ဇွန်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(ဈ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် (၄၈/၂၀၂၃)၊ (၄၉/၂၀၂၃)၊ (၅၀/ ၂၀၂၃)၊ (၅၁/၂၀၂၃)၊ (၅၂/၂၀၂၃)၊ (၅၃/၂၀၂၃)၊ (၅၄/၂၀၂၃)၊ နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သတင်း ထုတ်ပြန်ချက်အမှတ် (၉/၂၀၂၃) အား ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(ည) အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သတင်းထုတ်ပြန်ချက်အမှတ် (၁၀/၂၀၂၃) အား အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(ဋ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA) (၈) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ အပေါ် ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သတင်းထုတ်ပြန်ချက်အမှတ် (၁၁/ ၂၀၂၃) အား အောက်တိုဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(ဌ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ကျရောက်သည့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ သဘောတူစာချုပ်နေ့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် အမှတ် (၁၂/၂၀၂၃) အား နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခြင်း။

(ဍ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၁၃/၂၀၂၃) အား ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

၂၅။ **သတင်းအချက်အလက်များ ဖြန့်ချိခြင်း။** လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်ရုံးဌာနအလိုက် ဆောင်ရွက်ချက်သတင်းများကို နိုင်ငံပိုင်သတင်းစာများနှင့် နိုင်ငံပိုင် မီဒီယာများမှလည်းကောင်း၊ ကော်မရှင် website မှလည်းကောင်း ပြည်သူလူထုထံသို့ သတင်းဖြန့်ချိတင်ပြမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် သတင်း (၆၃) ပုဒ်ကို မြန်မာ၊ အင်္ဂလိပ် (၂) ဘာသာဖြင့် ကော်မရှင် website တွင် သတင်းဖြန့်ချိ ဖော်ပြနိုင်ရေးအတွက် e-Government ဌာနသို့ ပေးပို့ခြင်း၊

(ခ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် သတင်း (၂၁) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

(ဂ) နိုင်ငံတကာဆက်ဆံရေးဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် သတင်း (၄) ပုဒ်ကို နိုင်ငံပိုင်သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း၊

(ဃ) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် သတင်း (၂) ပုဒ်ကို နိုင်ငံပိုင် သတင်းစာနှင့် နိုင်ငံပိုင်မီဒီယာများသို့ ပေးပို့ခြင်း။

**ဘာသာရပ်ဆိုင်ရာ ဆန်းစစ်သုံးသပ်မှုများ ဆောင်ရွက်ခြင်း**

၂၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ အဓိကလုပ်ငန်း ဆောင်ရွက်မှုများဖြစ်သော လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများ၊ လူ့အခွင့်အရေး အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချမှုများတွင် အသုံးပြုလျက်ရှိသော အောက်ဖော်ပြပါ အဓိက လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များနှင့် စပ်လျဉ်း၍ အချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ ပြုစုခြင်း၊ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းနှင့် ဖြည့်စွက်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိပါသည် -

(က) လူ့အခွင့်အရေးအခြေခံအယူအဆ၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊

(ဂ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊

(ဃ) ကလေးသူငယ်အခွင့်အရေး၊

(င) အမျိုးသမီးအခွင့်အရေး၊

(စ) မသန်စွမ်းသူများအခွင့်အရေး၊

(ဆ) ပါရီအခြေခံမူများနှင့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ (Paris Principles and NHRIs)၊

(ဇ) နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်ကြီး (၉)ခု၊

(ဈ) နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှု၊

(ည) ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား။

**အခြားဆောင်ရွက်မှုများ**

၂၇။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ အခြားဆောင်ရွက်မှုများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) **ကော်မရှင်စာကြည့်တိုက် (Resource Center)**

(၁) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ စာကြည့်တိုက်တွင် မြန်မာဘာသာ ၂၅၁၄ အုပ်၊ အင်္ဂလိပ်ဘာသာ ၁၃၃၂ အုပ်၊ စုစုပေါင်း ၃၈၄၆ အုပ်နှင့် e-Book ၂၂၄၄ အုပ် စုဆောင်းထားရှိပါသည်။ ထို့အပြင် ကော်မရှင်မှ ထုတ်ဝေဖြန့်ချိသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော e-Book များကို အများပြည်သူ အလွယ်တကူ လက်လှမ်းမီ ဖတ်ရှုနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ ကော်မရှင် Website တွင် ဖော်ပြလျက်ရှိပါသည်။

(၂) ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဦးဝင်းမြကြ ၁၂-၉-၂၀၂၃ ရက်နေ့တွင် လူ့အခွင့်အရေးဆိုင်ရာ ရှားပါးစာအုပ်စာတမ်း ၃၃၁ အုပ်ကို ပေးအပ်လှူဒါန်းခဲ့ရာ ကော်မရှင်စာကြည့်တိုက်အတွက် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်မှ လက်ခံ ရယူခဲ့ပါသည်။

(ခ) **အသိပညာမျှဝေခြင်း (Knowledge Sharing) များ ပြုလုပ်ခြင်း**

(၁) ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာမျှဝေ ဆွေးနွေးဟောပြောပွဲကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်အဖွဲ့ဝင်၊ ဒေါက်တာသန်းမြင့်က "စိတ်ကျန်းမာရေးနှင့် လူ့အခွင့်အရေး" ခေါင်းစဉ်ဖြင့် မျှဝေဆွေးနွေးခဲ့ပါသည်။

(၂) ကော်မရှင်ရုံးလုပ်ငန်း ဆောင်ရွက်ရာတွင် ပိုမိုထိရောက်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့်က "ဦးစီးတာဝန်နှင့် ရုံးအုပ်ချုပ်မှု အနုပညာ" ခေါင်းစဉ်ဖြင့် အသိပညာမျှဝေ ဆွေးနွေး ဟောပြောခဲ့ပါ သည်။

**(ဂ) လူ့အခွင့်အရေးနေ့များဆိုင်ရာ အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ ပြုလုပ်ခြင်း**

(၁) ကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့"အား ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို ကော်မရှင်ရုံး Conference Room ၌ ၃၀-၆-၂၀၂၃ ရက်နေ့တွင် Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာန အသီးသီးမှ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း (၆၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(၂) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်း ချုပ်နှင့်ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း သည့် ဟောပြောပွဲကို ၁-၁၂-၂၀၂၃ ရက်နေ့တွင် ကော်မရှင်ရုံး၊ Conference Room ၌ Hybrid System ဖြင့် ကျင်းပ ပြုလုပ်ရာ နိုင်ငံ ရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် မသန်စွမ်းသူများ ပါဝင် ဆောင် ရွက်ခွင့်နှင့် ရွေးကောက်ပွဲဆိုင်ရာ ကိုယ်တွေ့ဘဝ အတွေ့အကြုံများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပါသည်။ ကော်မရှင်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း အမှုထမ်းများ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြပါသည်။

(၃) ကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက် သည့် "(၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့" အား

ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် Logo ပြိုင်ပွဲများအား ကျင်းပပြုလုပ်ခဲ့ပြီး ဆုရရှိသူများကို ၂၉-၁၂-၂၀၂၃ ရက်နေ့တွင် ဆုများချီးမြှင့်ခဲ့ပါသည်။

# မှတ်တမ်းဓာတ်ပုံများ



ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများနှင့် စပ်လျဉ်းသည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ဆောင်ရွက်ခြင်း




တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ ခြေလျင်တပ်ရင်းမှူးသင်တန်း၊ အမှတ်စဉ် (၁၀၄) တွင် Video Conferencing ဖြင့် သင်ခန်းစာပို့ချခြင်း



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး၊ ဘုရင့်နောင်)၊ ခြေလျင်တပ်ခွဲမှူး သင်တန်း၊ အမှတ်စဉ် (၂၁၅၊ ၈၃၊ ၈၄) တွင် Video Conferencing ဖြင့် သင်ခန်းစာပို့ချခြင်း



စစ်ဦးစီးတက္ကသိုလ်သင်တန်းအမှတ်စဉ် (၇၀) ၌ သင်ခန်းစာပို့ချခြင်း



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)၊ ခြေလျင်တပ်ခွဲမှူးသင်တန်း၊ အမှတ်စဉ် (၈၅၊ ၈၆) တွင် Video Conferencing ဖြင့် သင်ခန်းစာပို့ချခြင်း



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ ခြေလျင်တပ်ရင်းမှူးသင်တန်း၊ အမှတ်စဉ် (၁၀၅)နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း၊ အမှတ်စဉ် (၂၁၆)တို့တွင် သင်ခန်းစာပို့ချခြင်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၉) ၌ သင်ခန်းစာပို့ချခြင်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၂၁) ၌ သင်ခန်းစာပို့ချခြင်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း၊ အမှတ်စဉ် (၇) ၌ သင်ခန်းစာပို့ချခြင်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ အခြေခံဆရာ/ ဆရာမအထူးမွမ်းမံသင်တန်း၊ အမှတ်စဉ် (၁၀၀) ၌ သင်ခန်းစာပို့ချခြင်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ဝန်ထမ်းအဖွဲ့အစည်းဒုတိယအကြီးအမှူး သင်တန်း၊ အမှတ်စဉ် (၁၁)နှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၂) ၌ သင်ခန်းစာပို့ချခြင်း







နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၂၀) ၌ သင်ခန်းစာပို့ချခြင်း



တိုက်ပွဲဝင်စည်းရုံးရေးအရာရှိသင်တန်းအမှတ်စဉ် (၂/၂၀၂၂)၊ အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၇၆/ ၂၀၂၂) နှင့် မှုခင်းမှတ်တမ်း အရာရှိသင်တန်းအမှတ်စဉ် (၁၇/ ၂၀၂၃) တို့၌ သင်ခန်းစာပို့ချခြင်း



ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်းအမှတ်စဉ် (၇/ ၂၀၂၂) တွင် သင်ခန်းစာပို့ချခြင်း



စခန်းမှူးသင်တန်းအမှတ်စဉ် (၆၈/ ၂၀၂၃) တို့၌ သင်ခန်းစာပို့ချခြင်း



ထောင်တာဝန်ခံအရာရှိသင်တန်း အမှတ်စဉ် (၁၇) တွင် သင်ခန်းစာပို့ချခြင်း



လက်ထောက်ကြီးကြပ်ရေးမှူး-၁ သင်တန်း အမှတ်စဉ် (၁၇) တွင် သင်ခန်းစာပို့ချခြင်း



လူ့အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းများ အသိပညာမြှင့်မားရေးသင်တန်းတွင်
သင်ခန်းစာပို့ချခြင်း



သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်သူများသင်တန်း အပတ်စဉ် (၁၃) တွင်
သင်ခန်းစာပို့ချခြင်း



၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌအဖြစ်
တာဝန်ယူဆောင်ရွက်ခဲ့သည့် ဦးဝင်းမြကလူ့အခွင့်အရေးဆိုင်ရာ ရှားပါးစာအုပ်စာတမ်းများ
လှူဒါန်းခြင်း



၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ အခမ်းအနား ကျင်းပပြုလုပ်ခြင်း



ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ကော်မရှင်အဖွဲ့ဝင်၊ ဒေါက်တာသန်းမြင့်က "စိတ်ကျန်းမာရေးနှင့် လူ့အခွင့်အရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခြင်း




ကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့်က "ဦးစီးတာဝန်နှင့် ရုံးအုပ်ချုပ်မှု အနုပညာ" ခေါင်းစဉ်ဖြင့် အသိပညာမျှဝေ ဆွေးနွေးဟောပြောခြင်း




ကလေးသူငယ်များဖွံ့ဖြိုးရေးအသင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း



မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း



အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း NSPAW PHASE II အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်ဆွေးနွေးခြင်း




"ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း" ကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုထုတ်ဝေနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း



ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း အသိပညာပေးသင်တန်း ကျင်းပပြုလုပ်ခြင်း



(၇၅) နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် ဆောင်းပါးနှင့်
အမှတ်တံဆိပ် (LOGO) ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခြင်း

## လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၂၈။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ၊ လူ့အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့အကြောင်းကြား၍ သွားရောက် ကြည့်ရှုစစ်ဆေးခြင်း အစရှိသည့် ကော်မရှင်၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

### တိုင်တန်းချက်များအပေါ် ဆောင်ရွက်မှုအခြေအနေ

၂၉။ ၂၀၁၃ ခုနှစ်တွင် ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက် ၃၀၀ မှုကို လက်ခံရရှိခဲ့ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄၈) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန်အကြောင်းကြားခြင်း | ၄၉ မှု |
| (ခ) | တိုင်တန်းသူများထံ ပြန်ကြားခြင်း | ၂၃ မှု |
| (ဂ) | မှတ်တမ်းထားရှိခြင်း | ၂၂၇ မှု |
| (ဃ) | ကာယကံရှင်မှ အမှုပိတ်သိမ်းခြင်း | ၁ မှု |
| | **စုစုပေါင်း** | ၃၀၀ မှု |

၃၀။ တိုင်တန်းချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခဲ့သည့် တိုင်တန်းချက် ၄၉ မှု၏ အမှုအမျိုးအစားနှင့် ပေးပို့ခဲ့သည့်ဌာနများကို **နောက်ဆက်တွဲ "က"** ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

၃၁။ မှတ်တမ်းတင်ထားရှိသည့် တိုင်တန်းချက် ၂၂၇ မှုတွင် ၁၀ မှုသည် ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်းကြောင့်လည်းကောင်း၊ ၉၀ မှုသည် ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရ တိုင်တန်းသူအတွက် ပိုမိုကုစားနိုင်မည့် နည်းလမ်းရှိခြင်း၊ ပိုမိုသင့်လျော်သော ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်မည့် နည်းလမ်းရှိခြင်းတို့ကြောင့်လည်းကောင်း၊ ၈၁ မှုသည် ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က) နှင့် (ခ)အရ

တရားရုံးစီရင်ဆဲနှင့် တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးခြင်းတို့ကြောင့်လည်းကောင်း၊ ၄၆ မှုသည် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း (၄)၊ အပိုဒ်(၅) အရ တိုင်တန်းချက် အင်္ဂါရပ်နှင့်မညီညွတ်ခြင်းတို့ကြောင့်လည်းကောင်း ဆက်လက်အရေးယူဆောင်ရွက်ရန် မလိုအပ်သောကြောင့် မှတ်တမ်းအဖြစ် စနစ်တကျ ထိန်းသိမ်းခဲ့ပါသည်။

**သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်ကြားစာ ရရှိမှုအခြေအနေ**

၃၂။ ၂၀၂၃ ခုနှစ်အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၏ ပြန်ကြားချက် ၅၇ စောင်ကို အောက်ပါအတိုင်း လက်ခံရရှိခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၂၀ ပြည့်နှစ်မှ တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | ၅ | စောင် |
| (ခ) | ၂၀၂၂ ခုနှစ်မှ တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | ၆ | စောင် |
| (ဂ) | ၂၀၂၃ ခုနှစ်မှ တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | ၄၆ | စောင် |
| | **စုစုပေါင်း** | **၅၇** | **စောင်** |

၃၃။ အဆိုပါပြန်ကြားချက် ၅၇ စောင်ကို အောက်ပါအတိုင်း ဆက်လက် ဆောင်ရွက်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | သက်ဆိုင်ရာသို့ ပြန်လည်မေးမြန်းခြင်း | ၁ | စောင် |
| (ခ) | တိုင်ကြားသူများသို့ အကြောင်းပြန်ကြားခြင်း | ၄၄ | စောင် |
| (ဂ) | မှတ်တမ်း | ၄ | စောင် |
| (ဃ) | ဆောင်ရွက်ဆဲ | ၈ | စောင် |
| | **စုစုပေါင်း** | **၅၇** | **စောင်** |

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကော်မရှင်မှပေးပို့သည့် တိုင်တန်းချက် ၄၉မှု အပေါ် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ ပြန်ကြားလာမှုအခြေအနေ**

| စဉ် | ရုံး၊ ဌာန၊ အဖွဲ့အစည်းအမည် | စောင်ရေ | |
|---|---|---|---|
| | | ပေးပို့ | ပြန်ကြား |
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | ၁ | ၃ |
| ၂ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁ | ၁ |
| ၃ | အမျိုးသားလွှတ်တော်ရုံး | ၁ | ၁ |
| ၄ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁ | ၁ |

| စဉ် | ရုံး၊ ဌာန၊ အဖွဲ့အစည်းအမည် | စောင်ရေ | |
|---|---|---|---|
| | | ပေးပို့ | ပြန်ကြား |
| ၅ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | ၀ |
| ၆ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၀ | ၆ |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၂ | ၁ |
| ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၃ | ၂ |
| ၉ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၁ |
| ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၁ | ၂ |
| ၁၁ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၆ | ၆ |
| ၁၂ | ပညာရေးဝန်ကြီးဌာန | ၃ | ၃ |
| ၁၃ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁ | ၁ |
| ၁၄ | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန | ၃ | ၃ |
| ၁၅ | နေပြည်တော်ကောင်စီရုံး | ၁ | ၁ |
| ၁၆ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | ၁ |
| ၁၇ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃ | ၃ |
| ၁၈ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂ | ၂ |
| ၁၉ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၁ | ၁ |
| ၂၀ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄ | ၃ |
| ၂၁ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၃ | ၂ |
| ၂၂ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | ၀ |
| ၂၃ | လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ | ၁ | ၁ |
| ၂၄ | ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ | ၁ | ၀ |
| ၂၅ | တရားလွှတ်တော်ရှေ့နေများကောင်စီ | ၁ | ၁ |
| | စုစုပေါင်း | ၅၄ | ၄၆ |

**ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု**

၃၄။ ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်မှပေးပို့ခဲ့သော တိုင်တန်းချက်များနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး

ဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကို အောက်ပါအတိုင်း ကောက်နုတ် ဖော်ပြပါသည်-

(က) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သက်နီးပင်ကျေးရွာ၊ မူလတန်းလွန် စာသင်ကျောင်းမှ ကျောင်းဆရာမတစ်ဦးသည် စာသင်ရက် (၁၀) ရက်တွင် တစ်ညနေသာ သင်ကြားပေးခဲ့သဖြင့် မြို့နယ်ပညာရေးမှူးထံ တင်ပြတိုင်ကြားသော်လည်း အရေးယူဆောင်ရွက်ပေးခြင်းမရှိသောကြောင့် ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အဆိုပါ တိုင်တန်းခံရသူ ဆရာမအား အလက (ခွဲ) မိဿလင်ကျောင်းသို့လည်းကောင်း၊ မူလွန်-သက်နီးပင်မှ ကျောင်းအုပ်ကြီးအား လယ်ပြရာထူးဖြင့် အလက- လိပ်ပေါကျောင်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကြောင်းအကြောင်း ပြန်ကြားလာပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ တိုင်တန်းသူသည် ဖျာပုံမြို့နယ်မှ အမျိုးသားတစ်ဦးနှင့် တရားဝင်ပေါင်းသင်းနေထိုင်ခဲ့ပြီး ယင်း၏ ခင်ပွန်း သေဆုံးချိန်တွင် ခင်ပွန်း၏ ဇနီးဟောင်းနှင့် မောင်နှမများက တိုင်တန်းသူပိုင် ပစ္စည်းများကို မတရားသိမ်းယူခြင်း၊ ခိုးယူခြင်းများကို ပြုလုပ်သောကြောင့် ဖျာပုံမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သော်လည်း တရားခံများကို ခေါ်ယူစစ်ဆေးခြင်း၊ အမှုဖြစ်စဉ်နေရာအား သွားရောက် စစ်ဆေးဖော်ထုတ်ခြင်း မရှိပါသဖြင့် ကူညီဆောင်ရွက်ပေးပါရန် ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာပါသည်။ ကော်မရှင်မှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု အားနည်းသည့် ဖျာပုံမြို့မ ရဲစခန်းမှူးနှင့် ကြီးကြပ်ကွပ်ကဲရန် အားနည်းသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့အား မှတ်တမ်းဝင် သတိပေးလက်မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ဂ) တိုင်တန်းသူသည် အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၊ လှိုင်လင်မြို့တွင် အထက်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး၊ ၁၃-၆-၂၀၁၈ ရက်နေ့တွင် သက်ပြည့်ပင်စင်ခံစားရမည်ဖြစ်ပါကြောင်း၊ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် ကာလ (၄) လ ခံစားနေသည့်ကာလအတွင်း (၁) လသာ ခံစားခွင့်ရရှိပြီးနောက်၊ ၁၀ တန်းအောင် မွေးသက္ကရာဇ်အရ ၄ နှစ် ပိုမိုထမ်းဆောင်ခဲ့သည့်အတွက် ငွေကျပ် ၇၆ သိန်း ပေးလျော်ပြီးမှသာ သက်ပြည့်ပင်စင်ခံစားခွင့်ပေးမည်ဟု တိုင်တန်းသူထံ ပညာရေးဌာနမှ အကြောင်းကြားလာပါကြောင်း၊ အငြိမ်းစားဝန်ထမ်းတစ်ဦးအနေဖြင့် ငွေကျပ် ၇၆ သိန်း ပြန်လည်ပေးသွင်းရန် မတတ်နိုင်ခဲ့သောကြောင့် ပင်စင်ခံစားခွင့် ဆုံးရှုံးနေ

သည်မှာ ၅ နှစ် နီးပါးရှိပြီဖြစ်သည့်အတွက် အဂတိတရား ကင်းရှင်းစွာနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် အလွန် နစ်နာနေရပါကြောင်း၊ အခြားဝင်ငွေမရှိသော သက်ပြည့်အငြိမ်းစားဝန်ထမ်း တစ်ဦး၏ ပင်စင်ခံစားခွင့်ဆုံးရှုံးနေမှုကို ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာသဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ နစ်လွှနိပိုထုတ်လစာငွေ ၇,၆၄၈,၃၉၉ ကျပ် ၉၉ ပြား အား တိုင်တန်းသူက ပြန်လည်ပေးသွင်းပြီးမှသာ မွေးသက္ကရာဇ် အမှန် ပြင်ဆင်၍ ပင်စင်ခံစား ခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာနမှ အကြောင်း ပြန်ကြားလာသဖြင့် ကော်မရှင်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ ဆက်လက်ပေးပို့တင်ပြခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နှင့် ပညာရေး ဝန်ကြီးဌာနများသို့ နစ်နာမှုအပေါ် ဖြေရှင်းနိုင်မည့်နည်းလမ်းကို ပြန်လည် တင်ပြရန် ညွှန်ကြားဆောင်ရွက်ခဲ့ရာ နောက်ဆုံးတွင် သက်ဆိုင်ရာဝန်ကြီးဌာန များက ဒေါ်နွယ်နွယ်ခိုင်၏ မွေးသက္ကရာဇ်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနရှိ အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး ပြီးဖြစ်သဖြင့် သက်ပြည့်ပင်စင်ကိစ္စအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ တိုင်တန်းသူတစ်ဦးသည် အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ-၆၆/၆) ပြုလုပ်ရန်အတွက် ပုံစံ (၁၀) ပြောင်း လျှောက်ရန် နှင့် သားဖြစ်သူ၏ မွေးတိုးစာရင်းပြုလုပ်ရန် ဒလမြို့နယ်၊ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးသို့ သွားရောက်လျှောက်ထား တင်ပြခဲ့ သော်လည်း ရုံးဝန်ထမ်းအချို့မှ ဦးစီးမှူးမရှိဟုဆိုကာ နောက်နေ့မှ ပြန်လာရန် အကြိမ်ကြိမ်ပြောဆိုပြီး ကြန့်ကြာနေပါသဖြင့် ကူညီဆောင်ရွက် ပေးစေ လိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာသဖြင့် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူ၏ ဇနီးနှင့် သားဖြစ်သူတို့အား တိုင်တန်းသူအမည်ပါ ဒလမြို့နယ်နေ တိုင်တန်း သူ၏ ဖခင်ဖြစ်သူ အိမ်ထောင်ဦးစီး၏ အိမ်ထောင်စုလူဦးရေစာရင်း၌ အမည် ထည့်သွင်းနိုင်ရေးအတွက် လိုအပ်သည့် အထောက်အထားနှင့် လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များကို ဒလမြို့နယ်ဦးစီးမှူးက ရှင်းလင်း ပြောကြား ခဲ့ပြီး ကလေးမွေးတိုး စာရင်းအား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း အကြောင်း ပြန်ကြားလာပါသည်။

(င) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်နေ တိုင်တန်း သူသည် တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၈) အခြေခံပညာ အလယ်တန်း

ကျောင်းမှ ဒုတိယမူလတန်းပြတစ်ဦးဖြစ်ပြီး တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်ရှိ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရှိ မွေးသက္ကရာဇ်တို့ ကွဲလွဲနေမှုကို ဆောင်ရွက်ပေးပါရန် တောင်ဥက္ကလာပမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသို့ လျှောက်ထားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိဘဲ ကြန့်ကြာနေပါကြောင်း၊ မွေးသက္ကရာဇ်ကွဲလွဲနေမှုကြောင့် ပညာရေးမှူးရုံးသို့ အပြောင်းအရွှေ့တင်ရာတွင် အခက်အခဲဖြစ်နေပါကြောင်းနှင့် ပင်စင်ခံစားချိန်တွင် အခက်အခဲဖြစ်မည်ကို စိုးရိမ်သဖြင့် ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာသဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူ၏ မွေးသက္ကရာဇ်ကို ပြင်ဆင်ပြီးဖြစ်သည့် နိုင် ၆ (က) မိတ္တူကို တိုင်တန်းသူထံ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် တာဝန်ရှိသူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်း (၂) ဦး၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်း (၁) ဦးတို့အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်ခဲ့ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(စ) ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်နေ တိုင်တန်းသူသည် အမျိုးသားတစ်ဦးနှင့် လက်ထပ်ခဲ့ပြီးနောက် ကိုယ်ဝန် ၂ လ ရှိသည့်အချိန်တွင် ခင်ပွန်းဖြစ်သူသည် မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ် ၄ နှစ် ချမှတ်ခံခဲ့ရခြင်း၊ ခင်ပွန်းဖြစ်သူ ချုပ်နှောင်ခံနေရသည့် ကာလများတွင် ခင်ပွန်း၏ အစ်မနှင့် ညီမတော်စပ်သူများက တိုင်တန်းသူအား ကိုယ်ဝန်ဖျက်ချရန် ဖိအားပေးတိုက်တွန်းခြင်း၊ အိမ်မှနှင်ချခြင်းများကို ပြုလုပ်ခဲ့သည့်အတွက် ဖဒိုမြို့ ပရဟိတလူငယ်များ၏ အကူအညီဖြင့် ကလေးမီးဖွားခဲ့ရကြောင်း၊ ခင်ပွန်းဖြစ်သူ ထောင်မှ လွတ်လာချိန်တွင် သားသမီး ၂ ဦးကို ထပ်မံမွေးဖွားခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ကွယ်လွန်ချိန်တွင် ခင်ပွန်း၏ အစ်မနှင့် ညီမများက တိုင်တန်းသူနှင့် သားသမီး ၃ ဦးတို့ကို နေအိမ်မှ နှင်ချခံခဲ့ရသောကြောင့် အမျိုးသမီးအခွင့်အရေးနှင့် ကလေးသူငယ်အခွင့်အရေးများကို ချိုးဖောက်နေကြပါသဖြင့် ကူညီပေးပါရန် ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူ၏ မိသားစုဘဝ ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ ကူညီထောက်ပံ့ပေးခြင်း၊ ဇနီးတစ်ဦး၏ ခံစားပိုင်ခွင့်ကို ရရှိလိုပါက တရားရေးလမ်းကြောင်းဖြင့် ဖြေရှင်းဆောင်ရွက်သွားရန် အကြံပြုပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ဆ) တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နေ တိုင်တန်းသူ၏ ဖခင်ကွယ်လွန်ခဲ့သည့်အချိန်တွင် ဖခင်ဖြစ်သူ ပိုင်ဆိုင်သော အတွင်းပစ္စည်းများ ကို ရယူလိုသဖြင့် ဖခင်၏ နောက်အိမ်ထောင်ဖြစ်သူသည် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှုးရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်း ကာ အိမ်ထောင်စုစာရင်းအသစ် လိမ်လည်ပြုလုပ်ပြီး တရားရုံးတွင် လိမ်လည် တင်ပြခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက် ခြင်းမရှိဘဲ မမှန်ကန်သော အိမ်ထောင်စုစာရင်း ပြုလုပ်ပေးသည့်အတွက် ထိရောက်စွာ အရေးယူပေးပါရန် ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာသဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အိမ်ထောင်စုစာရင်းအား မှားယွင်း ထုတ်ပေးသည့် မြို့နယ်ဦးစီးမှုးနှင့် လက်ထောက်ဦးစီးမှုးတို့အား လုပ်ငန်း ဆောင်ရွက်ရာတွင် စိစစ်မှုအားနည်းခြင်း၊ တာဝန်ကို ပေါ့လျော့စွာ ထမ်းဆောင် ခြင်း၊ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ကြောင့် နောင်တွင် အလားတူဖြစ်စဉ်မျိုး ထပ်မံ မဖြစ်ပေါ် စေရေးအတွက် "စာဖြင့် သတိပေးခြင်း ပြစ်ဒဏ်" ချမှတ်ခဲ့ကြောင်း အကြောင်း ပြန်ကြားလာပါသည်။

(ဇ) မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ် (၄) ရပ်ကွက်နေ တိုင်တန်းသူသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် သက်တမ်းပြည့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ပြစ်မှုဆိုင်ရာ အပြစ်ပေးခံရခြင်း တစ်စုံတစ်ရာ လည်း ယနေ့အထိ မရှိခဲ့ပါကြောင်းနှင့် နိုင်ငံရေးဆုငွေ ခံစားခွင့်မရရှိသေးပါ သဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာသဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် အမျိုးသား လွှတ်တော်ရုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူအတွက် တစ်လုံး တစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၏ ငွေပေးမိန့်ဖြင့် တိုင်တန်းသူနှင့် မြန်မာ့စီးပွား ရေးဘဏ်ခွဲ၊ မင်းဘူးမြို့သို့ ပေးပို့ဆောင်ရွက်ပြီးဖြစ်ပါကြောင်း အကြောင်းပြန် ကြားလာပါသည်။

(ဈ) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ တိုင်တန်းသူ နှင့် သားသမီးများ၏ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး အခက်အခဲဖြစ်ပြီး ကြန့်ကြာနေပါသဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာသဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးနိုင်ရေး

အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူ မိခင်၏ ကိုင်ဆောင်လက်မှတ်အား ဟူအမင် ကိုင်ဆောင်လက်မှတ်နံပါတ်ဖြင့် ဆက်စပ်ရှာဖွေ စိစစ်တွေ့ရှိခဲ့မှုအရ မြန်မာနိုင်ငံသားဥပဒေနှင့် ညီညွတ်သောကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကနဦးထုတ်ပေးသွားမည်ဖြစ်ပြီး၊ တိုင်တန်းသူ၏ သားသမီးများအား ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ည) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ စက်တောင် (၂) ရပ်ကွက်၊ မြို့လျှပ်စစ်ရုံးအနီး ရန်ကုန်-မန္တလေးကားလမ်းဘေးနေ တိုင်တန်းသူက ဖြူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ရရှိနိုင်ရန် လျှောက်ထားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိဘဲ ကြန့်ကြာနေသဖြင့် ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာသောကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ မိဘ၊ ဘိုးဘွားများ၏ အထောက်အထားများ ပြည့်စုံအောင် တင်ပြနိုင်ခြင်း မရှိသဖြင့် ကြန့်ကြာနေရခြင်းဖြစ်ကြောင်း အကြောင်းပြန်ကြားလာပါသည်။

(ဋ) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ (၄) ရပ်ကွက်နေ တိုင်တန်းသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ရန်အတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးသို့ သွားရောက်စုံစမ်းခဲ့ရာတွင် တိုင်တန်းသူ မိခင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးနေခြင်း၊ ဖခင်၏ ကိုယ်ရေးအချက်အလက်များမရရှိခဲ့ခြင်းတို့ကြောင့် ပြုလုပ်ပေးခြင်း မရှိသောကြောင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းပေးပို့လာသဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနိုင်ရန်အတွက် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်သော အထောက်အထားများကို e-ID နိုင်-၄ Server မှလည်းကောင်း၊ ဆိပ်ကမ်းမြို့နယ်ရုံးမှလည်းကောင်း ညှိနှိုင်းတောင်းခံ၍ စိစစ်ဆောင်ရွက်ခဲ့ပြီး တိုင်တန်းသူနှင့် ယင်း၏ သားဖြစ်သူတို့ကို နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဌ) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ တိုင်တန်းသူသည် ခါးပိုက်နှိုက်ခံခဲ့ရပြီး ယင်း၏ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးသွားသဖြင့် ဒလမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် သွားရောက် လျှောက်ထား

ခဲ့ရာ တိုင်တန်းသူ၏ နိုင် (၂)၊ နိုင် (၄) အထောက်အထားများ တောင်းခံသဖြင့် ယခင်နေထိုင်ခဲ့သော တာမွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးတွင် သွားရောက်တောင်းခံခဲ့သော်လည်း နိုင် (၂)၊ နိုင် (၄) အထောက်အထားများသာရရှိပြီး မိသားစုသန်းခေါင်စာရင်း (၆၆/၆) မှာ ၁၉၉၀ စီမံချက်အရ ဖျက်သိမ်းထားသော လမ်းဖြစ်သည့်အတွက် မရှိပါကြောင်း ပြန်ကြားလာသဖြင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ယူရာတွင် အခက် အခဲ ဖြစ်နေသောကြောင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ တိုင်တန်းပေးပို့လာသဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက် ခဲ့ရာ တိုင်တန်းသူနှင့် သမီးဖြစ်သူတို့၏ အမည်စာရင်းအား ကျူးကျော်နေထိုင်သူ မဟုတ်သောကြောင့် လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ပါကြောင်း ပြန်ကြားလာပါသည်။

**အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်း**

၃၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပုဒ်မ ၄၃၊ ၄၄ တို့နှင့်အညီ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် အကျဉ်းစခန်း ရဲစခန်းအချုပ်ခန်းများကိုကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် ဗဟိုအဆင့်အကျဉ်း ထောင် (၃) ခု၊ “က” အဆင့်အကျဉ်းထောင် (၄) ခု၊ “ခ” အဆင့်အကျဉ်းထောင် (၄) ခု၊ စုစုပေါင်း (၁၁) ခု၊ “ခ” အဆင့်အကျဉ်းစခန်း (၃) ခုနှင့် ရဲစခန်းအချုပ်ခန်း (၅) ခုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ပြီး ယင်းကြည့်ရှုစစ်ဆေးမှုများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်နှင့် အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ဆောင် ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ကော်မရှင် Website ၊ National Web Portal နှင့် နိုင်ငံပိုင် သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြခဲ့ပါသည်-

(က) **ဗန်းမော်အကျဉ်းထောင်ကြည့်ရှုစစ်ဆေးခြင်း**။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၂၂-၁-၂၀၂၃ ရက်နေ့မှ ၂၄-၁-၂၀၂၃ ရက်နေ့အထိ ကချင်ပြည်နယ်ရှိ ဗန်းမော်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း အကြံပြု ချက် ၆ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ခ) **မင်းကုန်းစိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ မင်းကုန်းစိုက်ပျိုး၊ မွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အစားအစာ/သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်းအကြံပြုချက် ၇ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဂ) **မကွေးဗဟိုအကျဉ်းထောင်ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၃-၂-၂၀၂၃ ရက်နေ့မှ ၁၅-၂-၂၀၂၃ ရက်နေ့အထိ မကွေးတိုင်းဒေသကြီးရှိ မကွေးဗဟိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၅ ချက်၊ မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အသက်မွေးဝမ်းကြောင်းနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေအကြံပြုချက် ၁ ချက်နှင့် အိပ်ဆောင်နှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း အကြံပြုချက် ၉ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဃ) **ဒိုက်ဦးဗဟိုအကျဉ်းထောင်ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၂-၂၀၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒိုက်ဦးဗဟိုအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂၀ ချက်၊ အစားအစာ/သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ သန့်ရှင်းရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ မိလ္လာနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ အထွေထွေအကြံပြုချက် ၆ ချက်၊ ပညာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် လွတ်လပ်စွာ ကိုးကွယ်မှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း အကြံပြုချက် ၃၈ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(င) **ပူတာအိုအကျဉ်းထောင်ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၄-၃-၂၀၂၃ ရက်နေ့မှ ၁၆-၃-၂၀၂၃ ရက်နေ့အထိ ကချင်ပြည်နယ်အတွင်းရှိ ပူတာအိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေအကြံပြုချက် ၂ ချက်၊ အစားအစာ/

သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်းအကြံပြုချက် ၈ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(စ) **သာယာဝတီဗဟိုအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၁-၃-၂၀၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သာယာဝတီဗဟိုအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်၊ မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၆ ချက်၊ စုစုပေါင်း အကြံပြုချက် ၂၃ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဆ) **ဟင်္သာတအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃-၄-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတ အကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အသက်မွေးဝမ်းကြောင်းနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေအကြံပြုချက် ၂ ချက်၊ မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် ခွဲခြားဆက်ဆံမှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း အကြံပြုချက် ၁၃ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဇ) **ဆားမလောက်စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း ကြည့်ရှု စစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၅-၄-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ရှိ ဆားမလောက် စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၅ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေ အကြံပြုချက် ၁ ချက်၊ စုစုပေါင်းအကြံပြုချက် ၇ ချက်တို့ကို ပြည်ထဲရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဈ) **ဘူးသီးတောင်အကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၇-၅-၂၀၂၃ ရက်နေ့မှ ၁၀-၅-၂၀၂၃ ရက်နေ့အထိ ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေး

ခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ ညှဉ်းပန်းမှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေအကြံပြုချက် ၁ ချက်နှင့် မိလ္လာနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်းအကြံပြုချက် ၇ ချက်တို့ကို ပြည်ထဲရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ည) **စစ်တွေအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၇-၅-၂၀၂၃ ရက်နေ့မှ ၁၀-၅-၂၀၂၃ ရက်နေ့အထိ ရခိုင်ပြည်နယ်ရှိ စစ်တွေအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ မိလ္လာနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ခွဲခြားဆက်ဆံမှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ညှဉ်းပန်းမှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်းအကြံပြုချက် ၉ ချက်တို့ကို ပြည်ထဲရေးဝန်ကြီး ဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဋ) **တောကြီးတန်း စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၄-၉-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ တောကြီးတန်း စိုက်ပျိုး ၊မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ပညာရေး နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်းအကြံပြုချက် ၇ ချက်တို့ကို ပြည်ထဲရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါ သည်။

(ဌ) **မအူပင်အကျဉ်းထောင်ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၁၀-၁၀-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင် မြို့နယ်ရှိ မအူပင်အကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေ အကြံပြုချက် ၃ ချက်၊ စုစုပေါင်းအကြံပြုချက် ၅ ချက်တို့ကို ပြည်ထဲရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဍ) **မိတ္ထီလာအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၂၂-၁၁-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ

မြို့နယ်ရှိ မိတ္တီလာအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း အကြံပြုချက် ၇ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဃ) **ဖျာပုံအကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၂-၁၂-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်ရှိ ဖျာပုံအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ မိလ္လာနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်းအကြံပြုချက် ၇ ချက်တို့ကို ပြည်ထဲရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၃၆။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်၊ အကျဉ်းစခန်းများကို ကြည့်ရှုစစ်ဆေးချိန်တွင် ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သို့ သတင်းပို့တင်ပြလိုသည့် အကျဉ်းသား ၂၉ ဦး၊ အကျဉ်းသူ ၃၃ ဦး၊ အချုပ်သား ၁ ဦး၊ အချုပ်သူ ၂ ဦး စုစုပေါင်း ၆၅ ဦးနှင့် သီးခြား လွတ်လပ်စွာ တွေ့ဆုံကာ တင်ပြချက်များကို မှတ်တမ်းတင်ခဲ့ပါသည်။ ယင်းတင်ပြချက်များကို အခြေခံ၍ သက်ဆိုင်ရာသို့ အကြံပြု တိုက်တွန်းချက်များ ပေးပို့ခဲ့ပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများ

၃၇။ အကျဉ်းထောင်၊ အကျဉ်းစခန်းများနှင့် ပတ်သက်၍ ကော်မရှင် အကြံပြုချက်များအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ဖန်းမော်အကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၄ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၂ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ခ) **မင်းကုန်းစိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂

ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၄ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၃ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဂ) **မကွေးဗဟိုအကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အသက်မွေးဝမ်းကြောင်းနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၄ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့်ကျန် ၅ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဃ) **ဒိုက်ဦးဗဟိုအကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၃ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အထွေထွေအကြံပြုချက် ၄ ချက်၊ မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် မိလ္လာနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ စုစုပေါင်း ၁၆ ချက်တို့ ဆောင်ရွက်ပြီး စီးကြောင်းနှင့် ကျန် ၂၂ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(င) **ပူတာအိုအကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၅ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၃ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(စ) **သာယာဝတီဗဟိုအကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်၊ အထွေထွေအကြံပြုချက် ၃ ချက်နှင့် မိသားစုနှင့် တွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၁၂ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၁၁ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဆ) **ဟသ်ာတအကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစား

အစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေ အကြံပြုချက် ၂ ချက်နှင့် မိသားစုတွေ့ဆုံခွင့်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၈ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၅ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဈ) **ဆားမလေဘက် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၅ ချက်၊ စုစုပေါင်း ၅ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၂ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ည) **ဘူးသီးတောင်အကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၄ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၃ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဋ) **စစ်တွေအကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ မိလ္လာနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ခွဲခြားဆက်ဆံမှုနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် ညှဉ်းပန်းမှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၈ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၁ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

(ဌ) **မအူပင်အကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၅ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ဍ) **မိတ္ထီလာအကျဉ်းထောင်။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အစားအစာ/ သောက်သုံးရေနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၇ ချက်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

**ရဲစခန်းအချုပ်ခန်းများနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ**

၃၈။ ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရဲစခန်းအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ အောက်ပါအတိုင်း ပေးပို့အကြံပြုခဲ့ပါသည်-

(က) **ဖန်းမော်မြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၂၃-၁-၂၀၂၃)**

အကြံပြုချက်မရှိပါ။

(ခ) **မကွေးမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၄-၂-၂၀၂၃ )**

အကြံပြုချက်မရှိပါ။

(ဂ) **မကွေးနယ်မြေရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၄-၂-၂၀၂၃ )**

(၁) နယ်မြေရဲစခန်းရှိ ကလေးသူငယ်အချုပ်သူ ၁ ဦးသည် ကိုယ်ဝန်ဆောင်ထားရပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ပတ်သက်သော ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးနှံရသေးကြောင်း သိရှိရသဖြင့် ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) **ပူတာအိုမြို့မရဲစခန်းအချုပ်ခန်းကြည့်ရှုစစ်ဆေးခြင်း (၁၅-၃-၂၀၂၃)**

အကြံပြုချက်မရှိပါ။

(င) **မချမ်းဘောမြို့မရဲစခန်း အချုပ်ခန်း ကြည့်ရှုစစ်ဆေးခြင်း (၁၅-၃-၂၀၂၃)**

အကြံပြုချက်မရှိပါ။

၃၉။ မကွေးနယ်မြေရဲစခန်းအချုပ်ခန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်အား ဆောင်ရွက်ပြီးစီးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်ကြားလာပါသည်။

**လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများနှင့် ဘိုးဘွားရိပ်သာများအား ကြည့်ရှုစစ်ဆေးခြင်း**

၄၀။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်း၊ မသန်စွမ်းကျောင်းများနှင့် ဘိုးဘွားရိပ်သာများကို ကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း လူငယ်သင်တန်းကျောင်း ၁၃ ခု၊ မသန်စွမ်းကျောင်း ၃ ခုနှင့် ဘိုးဘွားရိပ်သာ ၆ ခုတို့ကို ကြည့်ရှုစစ်ဆေးပြီး ယင်းကြည့်ရှုစစ်ဆေးမှုနှင့် စပ်လျဉ်း၍ တွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင် ကြည့်ရှု

စစ်ဆေးရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ကော်မရှင် Website ၊ National Web Portal နှင့် နိုင်ငံပိုင်သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြခဲ့ပါသည် -

(က) **နှင်းဆီကုန်းဘိုးဘွားရိပ်သာကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၇-၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အသက်မွေးဝမ်းကြောင်းနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြု ချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၆ ချက်၊ စုစုပေါင်း ၁၀ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ခ) **ရွှေသံလွင်ဘိုးဘွားရိပ်သာကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၆ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ချက်၊ အစားအစာ/ သောက်သုံးရေနှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၇ ချက်၊ စုစုပေါင်း ၂၀ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဂ) **မသန်စွမ်းသက်ငယ် သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၇-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစား အစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၅ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဃ) **မသန်စွမ်းသက်ကြီး သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၇-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁

ချက်၊ အသက်မွေးဝမ်းကြောင်းနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၆ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(င) **မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၇-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၄ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(စ) **ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့ သည် ၁၇-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၄ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဆ) **ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃-၃-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသော ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေအကြံပြုချက် ၇ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၁၆ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဇ) **သက်ကြီးရွယ်အိုများ နေ့ဝိုင်းစောင့်ရှောက်ရေးဂေဟာ ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃-၃-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်း

ဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၄ ချက်၊ စုစုပေါင်း ၅ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဈ) **ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၇-၄-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၅ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ည) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၅-၆-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်ရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အထွေထွေအကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အားကစားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၈ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဋ) **သန်လျင်လူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၆-၆-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ သန်လျင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၅ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အားကစားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော

အကြံပြုချက် ၄ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၁၉ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဌ) **အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန(ရန်ကုန်) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၇-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အထွေထွေအကြံပြုချက် ၄ ချက်၊ စုစုပေါင်း ၁၂ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဍ) **အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၇-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်၊ အသက်မွေးဝမ်းကျောင်းနှင့် ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ နိုင်ငံခြားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ မိသားစုနှင့် ဆက်သွယ်ခွင့်ရရှိရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေအကြံပြုချက် ၅ ချက်၊ စုစုပေါင်း ၁၈ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဎ) **ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၈-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ နိုင်ငံခြားသားနှင့် စပ်လျဉ်းသော အကြံ

ပြုချက် ၁ ချက်၊ အထွေထွေအကြံပြုချက် ၄ ချက်၊ စုစုပေါင်း ၁၀ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဏ) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မန္တလေး) ကြည့်ရှုစစ်ဆေးခြင်း**။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၂-၈-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၃ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အသက်မွေးဝမ်းကျောင်းနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၉ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(တ) **မန်းတောင်ခြေဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးခြင်း**။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၂-၈-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၇ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ထ) **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန (မန္တလေး) ကြည့်ရှုစစ်ဆေးခြင်း**။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၈-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၄ ချက်၊ စုစုပေါင်း ၉ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဒ) **အမျိုးသမီးကလေးများသင်တန်းကျောင်း (ထောက်ကြံ့) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀-၉-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ထောက်ကြံ့) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသောအကြံပြုချက် ၂ ချက်၊ အသက်မွေးဝမ်းကျောင်းနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၁၀ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဓ) **အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၁၀-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း (မလိခ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အားကစားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၅ ချက်၊ စုစုပေါင်း ၉ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(န) **ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၉-၁၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၇ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ပ) **Mary Chapman နားမကြားသောကလေးများကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၉-၁၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ Mary Chapman နားမကြားသောကလေးများ ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်စပ်လျဉ်းသော

အကြံပြုချက် ၂ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၆ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဖ) **ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၄ ချက်၊ စုစုပေါင်း ၉ ချက်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများ**

၄၁။ ကော်မရှင် အကြံပြုချက်များအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြပါသည်-

(က) **နှင်းဆီကုန်းဘိုးဘွားရိပ်သာ။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အသက်မွေးဝမ်းကြောင်းနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၅ ချက်၊ စုစုပေါင်း ၉ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၁ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ခ) **ရွှေသံလွင်ဘိုးဘွားရိပ်သာ။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၅ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၁၄ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၆ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဂ) **မသန်စွမ်းသက်ငယ်သင်တန်းကျောင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၃ ချက်တို့ ဆောင်ရွက်

ပြီးစီးကြောင်းနှင့် ကျန် ၂ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဃ) **မသန်စွမ်းသက်ကြီးသင်တန်းကျောင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၃ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၃ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(င) **မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၄ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(စ) **ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ပညာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၃ ချက်တို့ ဆောင်ရွက် ပြီးစီးကြောင်းနှင့် အထွေထွေအကြံပြုချက်များအပေါ် ဆောင်ရွက်ဆဲ အခြေအနေများကိုသာ ပြန်ကြားလာပါသည်။

(ဆ) **ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာ။** ကော်မရှင်၏ အကြံပြုချက်များအနက် ပညာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အစားအစာ/သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်၊ အထွေထွေအကြံပြုချက် ၆ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၁၃ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၃ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဇ) **သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ။** ကော်မရှင်၏ အကြံပြုချက်များအနက် အထွေထွေအကြံပြုချက် ၁ ချက်တို့ ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၄ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဈ) **ဆည်းဆာရိပ်ဂီလာန ဘိုးဘွားရိပ်သာ။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၄ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၁ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ည) **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်)။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၄ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၈ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၄ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဋ) **အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) အား ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသောအကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ ခွဲခြားဆက်ဆံမှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ မိသားစုနှင့် ဆက်သွယ်ခွင့်ရရှိရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အထွေထွေ အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၆ ချက်တို့ကို ဆောင် ရွက်ပြီးစီးကြောင်းနှင့် ကျန် ၁၂ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဌ) **ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် စာကြည့်တိုက်နှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ ပညာရေးနှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ နိုင်ငံခြားသားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၆ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၄ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဍ) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မန္တလေး) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၂ ချက်၊ စုစုပေါင်း ၆ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၃ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဎ) **မန်းတောင်ခြေဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် အစားအစာ/ သောက်သုံးရေနှင့်စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အထွေထွေအကြံပြုချက် ၂ ချက်နှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၅ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၂ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဏ) **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန (မန္တလေး) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်နှင့် အထွေထွေ အကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၈ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၁ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(တ) **သန့်လျင်လူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၅ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အားကစားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ သန့်ရှင်းရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၃ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၁၅ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၄ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ထ) **အမျိုးသမီးကလေးများသင်တန်းကျောင်း (ထောက်ကြံ့) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၆ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၄ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဒ) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အိပ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စာကြည့်တိုက်နှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အားကစားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ စုစုပေါင်း ၆ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်းနှင့် ကျန် ၄ ချက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြန်ကြားလာပါသည်။

(ဓ) **အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ) ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော

အကြံပြုချက် ၁ ချက်၊ အိမ်ဆောင်နှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ အားကစားနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၅ ချက်၊ စုစုပေါင်း ၉ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(န) **ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်၊ အစားအစာ/ သောက်သုံးရေနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၇ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

(ပ) **Mary Chapman နားမကြားသော ကလေးများကျောင်း ကြည့်ရှုစစ်ဆေးခြင်း။** ကော်မရှင်၏ အကြံပြုချက်များအနက် ကျန်းမာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၂ ချက်၊ ပညာရေးနှင့် စပ်လျဉ်းသော အကြံပြုချက် ၁ ချက်နှင့် အထွေထွေအကြံပြုချက် ၃ ချက်၊ စုစုပေါင်း ၆ ချက်တို့ကို ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားလာပါသည်။

**ပြစ်ဒဏ်ကျအကျဉ်းသားများ စိစစ်ရေးကော်မတီတွင် ပါဝင်ဆောင်ရွက်မှု**

၄၂။ ပြစ်ဒဏ်ကျအကျဉ်းသားများ စိစစ်ရေးကော်မတီတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိရာ ၇-၄-၂၀၂၃ ရက်နေ့၌ ကျင်းပပြုလုပ်သော ပြစ်ဒဏ်ကျ အကျဉ်းသားများ စိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နန်းနုယဉ်က ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ကိုယ်စား တက်ရောက်၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ရရန်အတွက် လူ့အခွင့်အရေးရှုထောင့်မှလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု ရှုထောင့်မှလည်းကောင်း အကြံပြုချက်များ တင်ပြခဲ့ပါသည်။

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ**

၄၃။ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီသို့ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ လစဉ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပေးပို့ခဲ့ပါသည်။

## လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေးတက်ရောက်ခြင်း

၄၄။ ကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိရာ ၁၁-၉-၂၀၂၃ ရက်နေ့တွင် ပြုလုပ်ကျင်းပသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁/၂၀၂၃ ကို Video Conferencing ဖြင့်တက်ရောက်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကော်မရှင်မှ တိုင်တန်းချက် လက်ခံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များ နှင့်ဆက်စပ်၍ ဆောင်ရွက်မှုကိစ္စရပ်များကို အကြံပြုဆွေးနွေးခဲ့ပါသည်။

## အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

၄၅။ CSO, NGO, INGO များနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၈-၁၁-၂၀၂၃ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့နှင့် Business and Human Rights နှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။


## ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံခြင်း

၄၆။ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်သည် ၁၄-၂-၂၀၂၃ ရက်နေ့တွင် မကွေးအကျဉ်းထောင် ကြည့်ရှုစစ်ဆေးရေးခရီးစဉ်၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင်တို့အားလည်းကောင်း၊ ၁၀-၅-၂၀၂၃ ရက်နေ့တွင် စစ်တွေအကျဉ်းထောင်နှင့် ဘူးသီးတောင်အကျဉ်းထောင် ကြည့်ရှုစစ်ဆေးရေးခရီးစဉ်၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူတို့အားလည်းကောင်း တွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီးတို့မှ ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်ပါ အခြေအနေများ၊ ကော်မရှင်မှ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ တရားရုံး အချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးမှုအခြေအနေများနှင့် လူ့အခွင့် အရေးနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) စာအုပ်များနှင့် ကော်မရှင် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ပါသည်။

### အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ လူငယ်သင်တန်းကျောင်း၊ မသန်စွမ်းကျောင်းများနှင့် ဘိုးဘွားရိပ်သာများအား ကြည့်ရှုစစ်ဆေးခြင်း

| စဉ် | ကြည့်ရှုစစ်ဆေးခဲ့သည့်ခရီးစဉ် | အကြိမ်ရေ |
|---|---|---|
| ၁ | အကျဉ်းထောင် | ၁၁ |

| | | |
|---|---|---|
| ၂ | အကျဉ်းစခန်း | ၃ |
| ၃ | ရဲစခန်းအချုပ်ခန်း | ၅ |
| ၄ | လူငယ်သင်တန်းကျောင်း | ၁၃ |
| ၅ | မသန်စွမ်းကျောင်း | ၃ |
| ၆ | ဘိုးဘွားရိပ်သာ | ၆ |



## မှတ်တမ်းဓာတ်ပုံများ



ဗန်းမော်အကျဉ်းထောင်အား ကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



သီလရှင်လေးများဘိုးဘွားရိပ်သာအား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင် တို့ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



ပုတာအိုအကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်၍
ကြည့်ရှုစစ်ဆေးခြင်း



သာယာဝတီဗဟိုအကျဉ်းထောင်အား ကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့
ဦးဆောင်၍ကြည့်ရှုစစ်ဆေးခြင်း



ဟသ်ာတအကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်၍
ကြည့်ရှုစစ်ဆေးခြင်း



ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းအား
ကော်မရှင် ဥက္ကဋ္ဌ ဦးပေါလွင်စိန်နှင့် ကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးတို့ ဦးဆောင်၍
ကြည့်ရှုစစ်ဆေးခြင်း



ဘူးသီးတောင်အကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်၍
ကြည့်ရှုစစ်ဆေးခြင်း



သန့်လျင်လူငယ်သင်တန်းကျောင်းအား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး
ဒေါက်တာသန်းမြင့်နှင့် ဦးတင်အောင်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



မိတ္ထီလာအကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်၍
ကြည့်ရှုစစ်ဆေးခြင်း



ရန်ကုန်မျက်မမြင်ကျောင်း (ခဲဝဲခြံ) အား ကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊
ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်အောင်တို့ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်)အား ကော်မရှင်
အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဦးတင်အောင်တို့ ဦးဆောင်၍
ကြည့်ရှုစစ်ဆေးခြင်း



မင်းကုန်းစိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်းအား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့်
ဒေါက်တာသန်းမြင့်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



နှင်းဆီကုန်းဘိုးဘွားရိပ်သာအား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း




ရွှေသံလွင်ဘိုးဘွားရိပ်သာအား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း





မကွေးဗဟိုအကျဉ်းထောင်၊ မကွေးမြို့မရဲစခန်းအချုပ်ခန်းနှင့် မကွေးနယ်မြေရဲစခန်းတို့အား
ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း





မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊
မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာနှင့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း
တို့အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်၍
ကြည့်ရှုစစ်ဆေးခြင်း



သာယာဝတီဗဟိုအကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့
ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း




ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာအား ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့်
ဦးတင်အောင်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



စစ်တွေအကျဉ်းထောင်နှင့် ဘူးသီးတောင်အကျဉ်းထောင်များသို့ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ဗဟန်း) အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူဖြိုးတို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူဖြိုင်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် မန်းတောင်ခြေဘိုးဘွားရိပ်သာတို့အား ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဦးကျော်မြင့်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



တောကြီးတန်းစိုက်ပျိုးမွေးမြူရေးစခန်းအား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



အမျိုးသမီးကလေးများသင်တန်းကျောင်း (ထောက်ကြန့်)အား ကော်မရှင်အဖွဲ့ဝင်
ဒေါက်တာမြင့်သူမြိုင်နှင့် ဦးကျော်မြင့်တို့ ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



မအူပင်အကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း





ကြည့်မြင်တိုင် မျက်မမြင်ကျောင်းနှင့် Mary Chapman နားမကြားသော ကလေးများကျောင်း
တို့အား ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့
ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း



ဖျာပုံအကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခြင်း

## ဥပဒေရေးရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၄၇။ ဥပဒေရေးရာဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊ တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန် တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင်လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း အစရှိသည့် ကော်မရှင်၏ ဥပဒေရေးရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

### အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ ပေးပို့ခြင်း

### (က) 6th CEDAW Report နှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်များ ပေးပို့ခြင်း

၄၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက 6th CEDAW Report (first draft) နှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် တောင်းခံလာခြင်းအပေါ် ကော်မရှင်၏ သဘောထားမှတ်ချက်ကို ၂၂-၅-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက်တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အမျိုးသမီးအခွင့်အရေးနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများပြုလုပ်သည့်အကြိမ်နှင့် သင်တန်းသားဦးရေတို့ကို ဖော်ပြခဲ့ပါသည်။

၄၉။ 6th CEDAW Report (Second Draft) တွင် ထည့်သွင်းဖော်ပြရေးအတွက် ကော်မရှင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာဘာသာ၊ တိုင်းရင်းသားဘာသာများနှင့် မျက်မမြင်လက်စမ်းဘာသာတို့ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း နှစ် (၇၀)ပြည့် အထိမ်းအမှတ်စကားဝိုင်းပြုလုပ်ခဲ့ခြင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၅-၇-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၅၀။ 6th CEDAW Report (Second Draft) တွင် ထည့်သွင်းဖော်ပြရေးအတွက် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်အလိုက် အမျိုးသမီး အရာထမ်း၊ အမှုထမ်းများ၏ နိုင်ငံကိုယ်စားပြု အနေဖြင့် ပြည်ပနိုင်ငံများသို့ အစည်းအဝေးတက်ရောက်ခြင်း၊ သင်တန်းတက်ရောက်ခြင်းနှင့်

ကာလတို၊ ကာလရှည် ပညာသင်ယူခြင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂၀-၇-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၅၁။ 6th CEDAW Report (Third Draft) အပေါ် ကော်မရှင်၏ သဘောထားမှတ်ချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၁၀-၈-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက်တွင် 6th CEDAW Report (Third Draft) အစီရင်ခံစာ၌ ပါရှိသော ရခိုင်ပြည်နယ်အတွင်း အမျိုးသမီးများအတွက် နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားအရေအတွက်မှာ မတူညီသည်ကို ပြန်လည်စိစစ်သုံးသပ်နိုင်ပါရန် ဖော်ပြထားပါသည်။

၅၂။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ (မူကြမ်း - 3rd Draft) နှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် ထပ်မံဖြည့်စွက်ရန် အချက်အလက်များ မရှိပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂၀-၉-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၅၃။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက်အစီရင်ခံစာ (နောက်ဆုံးမူကြမ်း) နှင့် စပ်လျဉ်း၍ ကော်မရှင်၏ သဘောထားမှတ်ချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၄-၁၂-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက်တွင် အစီရင်ခံစာ၏ အပိုဒ်-၁၂၄ ပါ ဆေးပညာအရ ကိုယ်ဝန်အဆုံးသတ်ခြင်းဆိုင်ရာ သတ်မှတ်ချက် လမ်းညွှန် (မူကြမ်း) ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကျယ်ပြန့်စွာ ဆွေးနွေးသင့်ပါကြောင်း ဖော်ပြထားပါသည်။

## (ခ) ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ အကြံပြုချက်ပေးပို့ခြင်း

၅၄။ ပြည်ထဲရေးဝန်ကြီးဌာနက ပုဂ္ဂလိက လုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက် တောင်းခံလာခြင်းအပေါ် ကော်မရှင်၏ သဘောထားအကြံပြုချက်ကို ၁၆-၅-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ အကြံပြုချက်တွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၉ (၂) အရ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့ကို ဖြည့်ဆည်းရန်အလို့ငှာ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း ကျင့်သုံးပိုင်ခွင့်ရှိသည်ဟူသော အခွင့်အရေးတွင် အကျုံးဝင်ပါကြောင်း ဖော်ပြခဲ့ပါသည်။

၅၅။ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ၂၁-၈-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ အကြံပြုချက်တွင်

မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး သဘောတူစာချုပ်အရ "အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း)" အတည်ပြုပြဋ္ဌာန်းနိုင်ရေးသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို လေးစားဖော်ဆောင်ရာရောက်သည်ဟု ရှုမြင်သုံးသပ်ပါကြောင်း ဖော်ပြခဲ့ပါသည်။

၅၆။ စိန်ငွေရုပ်ရှင်ထုတ်လုပ်ရေး၊ ဒါရိုက်တာမွှင့်သိင်္ဂီဇော် (အရုဏ်ဦး) ရိုက်ကူးမည့် "တိမ်လိုအိမ်" ရုပ်ရှင်ဇာတ်လမ်းနှင့် စပ်လျဉ်း၍ ကော်မရှင်၏ သဘောထားမှတ်ချက်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ ၂၅-၈-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ ရုပ်ရှင်ဇာတ်လမ်းအပေါ် ကော်မရှင်မှ လူ့အခွင့်အရေးရှုထောင့်နှင့် ဥပဒေရှုထောင့်တို့ဖြင့် သုံးသပ်၍ အကြံပြုခဲ့ပါသည်။

၅၇။ ပြည်ပကိုယ်စားလှယ်ဆိုင်ရာဥပဒေ (မူကြမ်း) အပေါ် ကော်မရှင်၏ သဘောထားမှတ်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ၁၇-၁၁-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက်တွင် ပြည်ပကိုယ်စားလှယ်ဆိုင်ရာဥပဒေ (မူကြမ်း) ပုဒ်မ ၃ ရည်ရွယ်ချက်များအနက် ပုဒ်မခွဲ (င) ၌ ပြည်ပကိုယ်စားလှယ်နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဟူ၍ ပါရှိခြင်းသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) အပိုဒ် ၂၈ အရ "လူတိုင်းသည် ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည့် လူမှုရေးစနစ်နှင့် နိုင်ငံတကာဆက်ဆံရေးစနစ်တစ်ရပ်ကို ခံစားပိုင်ခွင့်ရှိသည်" ဟူသော အခွင့်အရေးတွင် အကျုံးဝင်နေသည်ဟု သုံးသပ်ရရှိပါကြောင်း ဖော်ပြထားပါသည်။

**တရားဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်တက်ရောက်ခြင်း**

၅၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂-၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် **"မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ အစည်းအဝေး (၁/၂၀၂၃)"** သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၅၉။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၇-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သည့် **"သက်ကြီး ပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား"** သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။

၆၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၈-၃-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၌ Hybrid ဖြင့် ကျင်းပပြုလုပ်သည့် **"၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား"** သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်က Video Conferencing ဖြင့် တက်ရောက်ခဲ့ပါသည်။

၆၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၇-၄-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမ အကြိမ်မြောက်အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး" သို့ ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၆၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂-၆-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမ အကြိမ်မြောက်အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး"သို့ ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၆၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၃၀-၆-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

၆၄။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၃-၇-၂၀၂၃ ရက်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂)၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် **"၂၀၂၃ ခုနှစ်၊ မြန်မာနိုင်ငံအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား"** သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

၆၅။ ၁၈-၇-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၊ ဥပဒေရေးရာဝန်ကြီး ဌာန၌ ကျင်းပပြုလုပ်သည့် **"တရားမျှတမှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး"** သို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖြစ် ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက် ဆွေးနွေးခဲ့ပါသည်။

၆၆။ ၁၄-၈-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သည့် **"အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW) ၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး"** သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်

အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖြစ် ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၆၇။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၃၀-၁၁-၂၀၁၃ ရက်နေ့တွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် **"မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေး (၂/၂၀၁၃)"** သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နန့်နွယ်ဥ် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

## လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်ခြင်း

၆၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများအား အောက်ပါအတိုင်း ထုတ်ပြန်နိုင်ရေးဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ရက်စွဲ | လုပ်ထုံးလုပ်နည်းအမည် | အမိန့်ကြော်ငြာစာအမှတ် |
|---|---|---|---|
| ၁ | ၃၁-၁-၂၀၁၃ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ | (၂/၂၀၁၃) |
| ၂ | ॥ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ | (၃/၂၀၁၃) |
| ၃ | ॥ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ | (၄/၂၀၁၃) |
| ၄ | ॥ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စီမံချက်ကို ပြင်ဆင်သည့် စီမံချက် | (၅/၂၀၁၃) |

## ဘာသာပြန်ဆိုခြင်း

၆၉။ ကော်မရှင်သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရေးအတွက် ၈-၆-၂၀၁၃ ရက်နေ့၊ ၁၂-၆-၂၀၁၃ ရက်နေ့၊ ၁၃-၆-၂၀၁၃ ရက်နေ့၊ ၁၅-၆-၂၀၁၃ ရက်နေ့နှင့် ၁၆-၆-၂၀၁၃ ရက်နေ့တို့တွင် အစည်းအဝေးများပြုလုပ်ခဲ့ပြီး ဘာသာပြန်ဆို ပြီးစီးခဲ့ပါသည်။

၇၀။ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women-CEDAW) ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ၁၃-၁၂-၂၀၂၃ ရက်နေ့တွင် ဘာသာပြန်ဆို ပြီးစီးခဲ့ပါသည်။

**ပုံနှိပ်ထုတ်ဝေခြင်း**

၇၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လုပ်ထုံးလုပ်နည်းများ (၂၀၂၃ ခုနှစ်) စာအုပ်ကို ၃၀-၆-၂၀၂၃ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။

၇၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (The Procedures Relating to the Myanmar National Human Rights Commission Law 2023) (အင်္ဂလိပ်ဘာသာ)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့် အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights – ICESCR) (မြန်မာဘာသာ) နှင့် ရွှေ့ပြောင်းအလုပ် သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Convention on the Protection of the Rights of All Migrant Workers and Members of their Families – CMW) (မြန်မာဘာသာ) တို့ကို ၃၁-၈-၂၀၂၃ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။

**အခြားဆောင်ရွက်ချက်များ**

၇၃။ လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးတင်ပြသည့် အခမ်းအနားတွင် “4 Pillars of the Rights of the Child” ခေါင်းစဉ်ဖြင့် ဥပဒေရေးရာဌာနမှ ဦးစီးအရာရှိ (၂) ဦးက ၁၀-၃-၂၀၂၃ ရက်နေ့တွင် ဆွေးနွေးတင်ပြခဲ့ပါသည်။

၇၄။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ လယ်ယာမြေနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက် တောင်းခံလာခြင်းအပေါ် ဥပဒေရှုထောင့်မှသော်လည်းကောင်း၊ လူ့အခွင့်အရေးရှုထောင့်မှသော်လည်းကောင်း ၁၆-၅-၂၀၂၃ ရက်နေ့တွင် အကြံပြု ပြန်ကြားခဲ့ပါသည်။

၇၅။ ကော်မရှင်၏ လုပ်ငန်းစီမံချက် (၂၀၂၃ ခုနှစ်) တွင် ဆောင်ရွက်ရန် ပါရှိသည့် **“အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အမျိုးသမီး အခွင့်အရေး ရှင်းလင်းခြင်း”** ကို ၃၀-၆-၂၀၂၃ ရက်နေ့၌ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ကော်မရှင်ရုံးတွင် ဟောပြောခဲ့ပါသည်။

၇၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၊ လုပ်ငန်းစီမံချက်များ (၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်) တို့တွင် ဥပဒေရေးရာဌာန၏

ဆောင်ရွက်ချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် **"Freedom of Expression (လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်) နှင့် စပ်လျဉ်း၍ ကန့်သတ်ထားသော တည်ဆဲဥပဒေများအား သုံးသပ်ခြင်း"** စာတမ်းပြုစုထားရှိမှုကို ကော်မရှင်သို့ ၁၉-၁-၂၀၂၃ ရက်နေ့တွင် တင်ပြခဲ့ပါသည်။

၇၇။ ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ အင်္ဂလိပ်စာစွမ်းရည် တိုးတက်မြင့်မားလာစေရန် နှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်ပြည့် အထိမ်းအမှတ် ဆောင်ရွက်ချက်အဖြစ် ၁၉-၁၀-၂၀၂၃ ရက်နေ့တွင် ဥပဒေရေးရာဌာနမှ ဝန်ထမ်းများက **"Freedom from Torture, UDHR Article 5"** ခေါင်းစဉ်ကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေး တင်ပြခဲ့ပါသည်။

# မှတ်တမ်းဓာတ်ပုံများ




၁၀-၃-၂၀၂၃ ရက်နေ့တွင် ဥပဒေရေးရာဌာနက **“4 Pillars of the Rights of the Child”** ခေါင်းစဉ်ဖြင့် ကော်မရှင်ရုံး၊ Conference Room ၌ Hybrid Format ဖြင့် ဆွေးနွေးတင်ပြခြင်း



“မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို **မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း**” အစည်းအဝေး ပြုလုပ်ခြင်း




၃၀-၆-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် " ၂၀၂၃ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ" သို့ တက်ရောက်ခြင်း



"အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အမျိုးသမီးအခွင့်အရေးများကို ရှင်းလင်းခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ပြုလုပ်ခြင်း



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
MNHRC
MYANMAR NATIONAL HUMAN RIGHTS COMMISSION
လုပ်ထုံးလုပ်နည်းများ
၂၀၂၃ ခုနှစ်





အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း




Freedom from Torture ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခြင်း


Myanmar National Human Rights Commission
MNHRC
MYANMAR NATIONAL HUMAN RIGHTS COMMISSION
The Procedures Relating to the Myanmar National
Human Rights Commission Law
2023


MNHRC
MYANMAR NATIONAL HUMAN RIGHTS COMMISSION
International Covenant on Economic, Social and Cultural Rights
စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ
အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်


MNHRC
MYANMAR NATIONAL HUMAN RIGHTS COMMISSION
International Convention on the Protection of the Rights
of All Migrant Workers and Members of their Families
ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏
အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ
အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ

**လုပ်ငန်းတာဝန်များ**

၇၈။ နိုင်ငံတကာဆက်ဆံရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ (ဆ) အရ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အပါအဝင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အခြားသော အမျိုးသားအဆင့်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းအစရှိသည့် ကော်မရှင်၏ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

**အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၇၉။ **အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးတက်ရောက်ခြင်း။** ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် (NHRCT) က ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၉-၃-၂၀၂၃ ရက်နေ့မှ ၃၀-၃-၂၀၂၃ ရက်နေ့အထိ Hybrid format ဖြင့် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှုန်းနှင့် ကော်မရှင်အဖွဲ့ဝင် များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်းနှင့် ကော်မရှင်ရုံး ဝန်ထမ်းများက Video Conferencing System ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ပါသည်။

၈၀။ အဆိုပါ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ၌ ကျင်းပခဲ့သော (၁၉) ကြိမ်မြောက် ဖိုရမ်နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ် အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် ဖြစ်ပေါ်တိုးတက်မှုများ၊ SEANF ၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၂-၂၀၂၆)ပါ ဦးစားပေးကိစ္စရပ် တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင်များ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ SEANF Annual Plan 2023 အတည်ပြုခြင်းကိစ္စရပ်များ၊ ASEAN Environmental Rights Framework ရေးဆွဲနိုင်ရေးကိစ္စရပ်များ၊ Safety of Journalists နှင့် စပ်လျဉ်း၍ Action Plan ရေးဆွဲနိုင်ရေး ကိစ္စရပ်များ၊ သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာသဘောတူစာချုပ် ဖြစ်ပေါ်လာရေးအတွက် Campaign ပြုလုပ်နိုင်ရေး ကိစ္စရပ်များ၊ SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ SEANF နှင့် FORUM-ASIA/ ANNI တို့

ပူးပေါင်း ဆောင်ရွက်မည့် ကိစ္စရပ်များ၊ Sabah ရှိ နိုင်ငံမဲ့ဖြစ်နေသူများအရေးကိစ္စနှင့် စပ်လျဉ်း၍ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် SEANF နှင့် အာဆီယံအစိုးရချင်းဆိုင်ရာလူ့အခွင့်အရေးကော်မရှင် (Asean Intergovernmental Commission on Human Rights -AICHR) တို့ ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များစသည်တို့ကို ဖိုရမ် အဖွဲ့ဝင်များအကြား အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကိုလည်း ကောင်း၊ ကော်မရှင် အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ဖိုရမ်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနောက်ပိုင်းကာလအတွင်း ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ ကိုလည်းကောင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် “စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးမြှင့်တင်ရန်နှင့် ကာကွယ် ရန်” ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။ ဖိုရမ် ၏ လာမည့် ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် လည်းကောင်း၊ အကြိမ် (၂၀) မြောက်နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင်လည်းကောင်း ကျင်းပသွားရန် ကနဦး သဘောတူညီခဲ့ကြ ပါသည်။

၈၁။ **အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးတက်ရောက်ခြင်း။** ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (NHRCT) က ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၀-၇-၂၀၂၃ ရက်နေ့ အထိ Hybrid format ဖြင့် ကျင်းပပြုလုပ်ရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံးဝန်ထမ်းများက Video Conferencing System ဖြင့် ပါဝင်တက်ရောက်ခဲ့ပါ သည်။

၈၂။ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ၂၀၂၃ ခုနှစ်၊ မတ်လ၌ ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးမှတ်တမ်း အတည်ပြုခြင်း၊ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိက တာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) နှင့် SEANF တို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် "ASEAN Dialogue in Realizing Southeast Asia as a Torture-Free Region" ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ ၂၀၂၄ ခုနှစ်တွင် အာဆီယံဒေသတွင်း စီးပွားရေးနှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် AICHR- SEANF ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ ASEAN Environmental Rights Framework ရေးဆွဲနိုင်ရေးကိစ္စရပ်များ၊ World Justice Project (WJP) နှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ SEANF ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၈၃။ အဆိုပါလုပ်ငန်းအဖွဲ့အစည်းအဝေး၌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ၂၀၂၃ ခုနှစ်၊ မတ်လက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။ ဖိုရမ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင်ကျင်းပသွားရန် လုပ်ငန်းအဖွဲ့အစည်းတွင် ကနဦး သဘော တူညီခဲ့ကြပါသည်။

၈၄။ **အာဆီယံအစိုးရချင်းဆိုင်ရာလူ့အခွင့်အရေးကော်မရှင် - ASEAN Intergovernmental Commission on Human Rights (AICHR) နှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) တို့အကြား တွေ့ဆုံဆွေးနွေးပွဲ (AICHR-SEANF Interface Meeting) တက်ရောက်ခြင်း။** AICHR နှင့် SEANF တို့အကြား တွေ့ဆုံဆွေးနွေးပွဲကို ၂၄-၅-၂၀၂၃ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၌ Hybrid Format ဖြင့် ကျင်းပပြုလုပ်ရာ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါလွင်စိန်နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးတို့က Video Conferencing System ဖြင့် တက်ရောက်ခဲ့ကြကာ AICHR မှ ကိုယ်စား လှယ်များနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့က In-person တက်ရောက်ခဲ့ကြပါသည်။

၈၅။ အဆိုပါ ဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံ AICHR Indonesia က ၂၀၂၃ ခုနှစ်အတွင်း AICHR ၏ ဦးစားပေးလုပ်ငန်းဆောင်ရွက်ချက်များအား ဆွေးနွေးတင်ပြခြင်း၊ SEANF ဥက္ကဋ္ဌက ဖိုရမ်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ ဆွေးနွေးတင်ပြခြင်း၊ AICHR နှင့် SEANF ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မလေးရှား၊ တီမောလက်စ်တေ၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်တို့မှ ကိုယ်စားလှယ်များက Torture Prevention အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က AICHR -SEANF တို့အကြား ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များတွင် ဆောင်ရွက်နိုင်သည်များကို မိမိတို့ ကော်မရှင်အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့ ပါသည်။

၈၆။ **အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) ၏ ၂၀၂၂-၂၀၂၆ မဟာဗျူဟာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။** SEANF ၏ ၂၀၂၂-၂၀၂၆ မဟာဗျူဟာ စီမံကိန်းပါ လုပ်ငန်းဆောင်ရွက်ချက်များကို ဖိုရမ်အဖွဲ့ဝင်နိုင်ငံများမှ ဦးစားပေး ကိစ္စရပ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကော်မရှင်အနေဖြင့် ဦးစားပေး ကိစ္စရပ်(၂) ဖြစ်သည့် "စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်"ကိစ္စကို ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ယင်းကိစ္စရပ်အား အကောင်အထည် ဖော်ဆောင်ရွက်မှုအနေဖြင့် ကော်မရှင်သည် "Business and

Human Rights" နှင့် စပ်လျဉ်းသော စစ်တမ်း (Survey) တစ်ရပ်ကို ပြုလုပ်၍ အချက်အလက်များ ကောက်ယူ စုစည်းမှု ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ Survey ကို ပံ့ပိုး ဖြေဆိုပေးနိုင်ရန်အတွက် Survey Questionnaire များအား SEANF အဖွဲ့ဝင်နိုင်ငံများကို ၂၂-၉-၂၀၂၂ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ကို ၉-၂-၂၀၂၃ ရက်နေ့တွင်လည်းကောင်း အသီးသီး ပေးပို့ခဲ့ပါသည်။

၈၇။ အလားတူ ဦးစားပေးကိစ္စရပ်(၂) ၏ လုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည့် စီးပွားရေးလုပ်ငန်းများ၌ လူ့အခွင့်အရေးချိုးဖောက်မှုများ ကာကွယ်နိုင်စေရန် online research တစ်ရပ်ပြုလုပ်ကာ "Human Rights Defenders & Guidelines" စာတမ်းအား SEANF အဖွဲ့ဝင်နိုင်ငံများသို့ ၁၅-၁၁-၂၀၂၂ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၈၈။ **အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် - Southeast Asia National Human Rights Institutions Forum (SEANF) ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲတက်ရောက်ခြင်း။** ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် (NHRCT) က ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် SEANF ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကို ၂၂-၁၁-၂၀၂၃ ရက်နေ့မှ ၂၄-၁၁-၂၀၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်ရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၅) ဦး ပါဝင်တက်ရောက်ခဲ့ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

၈၉။ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ်နှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) နှင့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအကြား စုံစမ်းစစ်ဆေးမှု ယန္တရားတစ်ရပ် ဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒေသတွင်း လူ့အခွင့်အရေး မူဘောင်တစ်ရပ်

ဆောင်ရွက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ Asian NGO Coalition for Agrarian Reform and Rural Development (ANGOC) on Land Rights နှင့် World Justice Project (WJP) on Human Rights Dashboard စသည့်အဖွဲ့အစည်းများနှင့် ဖိုရမ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် သတင်းမှားတိုက်ဖျက်ရေး စည်းမျဉ်းစည်းကမ်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၉၀။ ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဖိုရမ်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဓေယျာလင်းက (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၉၁။ SEANF ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် ၂၀၂၄ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ထံသို့ လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

၉၂။ ၂၄-၁၁-၂၀၂၃ ရက်နေ့တွင် SEANF ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေး၏ ဆက်စပ်ဆွေးနွေးပွဲကို "နိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများသည် သက်ဆိုင်ရာနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် သက်ရောက်မှုများ" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ Yale Law School နှင့် Atmajaya University တို့မှ ပညာရှင် ပုဂ္ဂိုလ်များ၊ Committee on Economic, Social and Cultural Rights (CESCR) မှ ကိုယ်စားလှယ်များ စသည်ဖြင့် စုစုပေါင်း (၁၅၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲ အကြောင်းအရာနှင့် စပ်လျဉ်း၍ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ပါဝင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

**အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် - Asia Pacific Forum of National Human Rights Institutions (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၉၃။ **အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) ၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် (၂) နှစ်တစ်ကြိမ်ကျင်းပသည့် ညီလာခံတို့သို့ တက်ရောက်ခြင်း။** အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၂၀-၉-၂၀၂၃ ရက်နေ့မှ ၂၁-၉-၂၀၂၃

ရက်နေ့အထိ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်က ကျင်းပသော ဖိုရမ်၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် (၂) နှစ်တစ်ကြိမ် ကျင်းပသည့် ညီလာခံတို့သို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာနိုင်နိုင်ဝင်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၉၄။ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ၂၀-၉-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ပြီး အစည်းအဝေးသို့ ဖိုရမ်၏ အဖွဲ့ဝင်နိုင်ငံ (၂၆) နိုင်ငံရှိ လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အိန္ဒိယ လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံဝန်ကြီးဌာနများမှပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ရုံးမှ ကိုယ်စားလှယ်များ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးမှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးအား လေ့လာသူများအဖြစ် တက်ရောက်ကြသည့် Cook Islands, Taiwan, Turkmenistan နှင့် United Arab Emirates နိုင်ငံများမှ ကိုယ်စားလှယ် များ စုစုပေါင်း (၁၂၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ဖိုရမ်အဖွဲ့ဝင်များနှင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများ (Non-governmental Organizations - NGOs) တို့အကြား ပူးပေါင်း ဆောင်ရွက် ရေးကိစ္စရပ်များ၊ ဖိုရမ်၏အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖိုရမ် အဖွဲ့ဝင်များအကြား ရေ့ဆက်ဆောင်ရွက်မည့်နည်းလမ်းများနှင့် Dehli Declaration ထုတ်ပြန်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၉၅။ ဖိုရမ်၏ (၂) နှစ် တစ်ကြိမ် ကျင်းပသည့်ညီလာခံကို ၂၁-၉-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ ရာ ညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ၇၅ နှစ်မြောက် အထိမ်းအမှတ်နှင့် ပါရီအခြေခံမူများ နှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် 30 years of Promoting and Protecting Human Rights Across Asia and the Pacific၊ Advancing the Universal Declaration of Human Rights and Its Promise of Equality, Freedom and Justice For All နှင့် The Role of NHRIs Responding to an Mitigating the Human Rights Impacts of Climate Change - National, Regional and International Actions ခေါင်းစဉ်များဖြင့် စကားဝိုင်း ဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲများအပြီးတွင် Delhi Declaration ကို အတည်ပြု ထုတ်ပြန်ခဲ့ပါသည်။

**အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး- Global Alliance on National Human Rights Institutions (GANHRI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၉၆။ **GANHRI ၏ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ (Sub-Committee on Accreditation – SCA) သို့ အချက်အလက်များ ပေးပို့ခြင်း။** GANHRI-SCA သည် နိုင်ငံအသီးသီး၏ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများမှ အဆင့်သတ်မှတ်ချက် လျှောက်ထားမှုကို လက်ခံ၍ ပါရီအခြေခံမူများနှင့် ကိုက်ညီမှုရှိ မရှိ သုံးသပ်မှုပြုလုပ်ပြီး "A" အဆင့် NHRI နှင့် "B" အဆင့် NHRI ဟူ၍ အဆင့် သတ်မှတ်ပေးလျက်ရှိပါသည်။ သို့ဖြစ်ရာ GANHRI Statute ၏ article 16.2 အရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အဆင့်သတ်မှတ်ချက်ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပမည့် အဆင့်သတ်မှတ်ရေးဆပ်ကော်မတီ (SCA) အစည်းအဝေး၌ စိစစ်သုံးသပ်မှုခံယူနိုင်ရန်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ ၂-၃-၂၀၂၃ ရက်စွဲပါ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်မှ ပြန်လည်ဖြေကြားရန်ရှိသည့် အချက်အလက်များအား ပြည့်စုံစွာပြုစု၍ SCA ၏ အတွင်းရေးမှူးထံသို့ ၃၀-၅-၂၀၂၃ ရက်နေ့တွင် ပြန်လည်ပေးပို့ခဲ့ပါသည်။

၉၇။ **Forum on Global Human Rights Governance သို့ တက်ရောက်ခြင်း။** တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ၁၄-၆-၂၀၂၃ ရက်နေ့မှ ၁၅-၆-၂၀၂၃ ရက်နေ့အထိ တရုတ်နိုင်ငံ ဆင်ဟွာ သတင်းဌာန (Xinhua News Agency) နှင့် တရုတ်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် China Society for Human Rights Studies တို့ ပူးပေါင်း၍ ကျင်းပသည့် Forum on Global Human Rights Governance သို့ ကော်မရှင်ကိုယ်စား ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်နိုင်ဝင်း တက်ရောက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၂၂၁ ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၉၈။ ဖိုရမ်ကို Vienna Declaration and Programe of Action ထုတ်ပြန်ခဲ့ခြင်း နှစ် ၃၀ ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကာ အဆိုပါဖိုရမ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင် ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ ဖတ်ကြားခြင်း၊ နိုင်ငံတကာ ကိုယ်စားလှယ် (၁၆) ဦးမှ မိန့်ခွန်းများ ပြောကြားခြင်းနှင့် Parallel Session များအလိုက် အခန်းများခွဲကာ ဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ကြပြီး ကော်မရှင်မှ ကိုယ်စားလှယ်က Session (4) UN Human Rights Mechanism and Global Human Rights Governance တွင် ပါဝင် ဆွေးနွေးတင်ပြခဲ့ပါသည်။

၉၉။ **အထူးသုံးသပ်မှုခံယူခြင်း။** ၂၃-၁၀-၂၀၂၃ ရက်နေ့တွင် ကော်မရှင်၏ အဆင့်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ GANHRI-SCA ၏ အထူးသုံးသပ်မှုကို Video Conferencing စနစ် အသုံးပြု၍ ပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က

GANHRI-SCA ၏ အထူးသုံးသပ်မှုအတွက် မေးမြန်းလာသည့် မေးခွန်းများကို အချက်အလက်ပြည့်ပြည့်စုံစုံဖြင့် တုံ့ပြန်ဖြေကြားခဲ့ပါသည်။

**အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ - International Committee of the Red Cross (ICRC) နှင့် ထိတွေ့ဆောင်ရွက်ခြင်း**

၁၀၀။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း နှင့် ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့သည် ICRC မှ Ms. Loanna Voudouri (Protection Coordinator) နှင့် ဦးသန်းဆွေ (Senior Officer) တို့အား ၁၆-၂-၂၀၂၃ ရက်နေ့တွင် ကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်စစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

၁၀၁။ ၉-၈-၂၀၂၃ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် ICRC မှ Ms. Loanna Voudouri (Protection Coordinator) နှင့် ဦးသန်းဆွေ (Senior Officer) တို့အား ကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဦးသူရကျော် နှင့် ဦးဇေယျာလင်းတို့က ကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက် စစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

၁၀၂။ **အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံအတွင်း အကျဉ်းထောင်လေ့လာရေး အတွေ့အကြုံများ ရှင်းလင်း ဆွေးနွေးခြင်း အစီအစဉ် ကျင်းပခြင်း။** အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) သည် ကော်မရှင်ရုံးရှိ အရာထမ်း၊ အမှုထမ်းများအတွက် အကျဉ်းထောင်များ သွားရောက် စစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် စွမ်းဆောင်ရည် မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ "ICRC ၏ မြန်မာနိုင်ငံအတွင်း အကျဉ်းထောင် လေ့လာရေး အတွေ့အကြုံများ ရှင်းလင်း ဆွေးနွေးခြင်း" အစီအစဉ်ကို ၁၄-၁၂-၂၀၂၃ ရက်နေ့တွင် ကော်မရှင်ရုံး၊ Conference Room ၌ Hybrid Format ဖြင့် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက In-person ပါဝင်တက်ရောက်ခဲ့ကြပြီး နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Online Platform အသုံးပြု၍ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (ICRC) မှ Protection Coordinator ဖြစ်သူ Mr. Henning Krause ၊ Operational

Legal Coordinator ဖြစ်သူ Ms. Supriya Rao နှင့် Senior Officer ဖြစ်သူ ဦးသန်းဆွေတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

**၁၀၃။** ဆွေးနွေးပွဲတွင် ICRC မှ Senior Officer ဖြစ်သူ ဦးသန်းဆွေက ICRC ၏ အခြေခံမူများ၊ လုပ်ငန်းဆောင်ရွက်မှုအဆင့်များ၊ ICRC ၏ မြန်မာနိုင်ငံ အကျဉ်းထောင်/ အလုပ်စခန်းများသို့ သွားရောက်တွေ့ဆုံလေ့လာမှု၊ သွားရောက်လေ့လာခြင်း၏ ရည်ရွယ်ချက်များ၊ သတင်းအချက်အလက်ရယူသည့် အရင်းအမြစ်များ၊ သွားရောက်တွေ့ဆုံလေ့လာမှု လုပ်ငန်း စဉ်များ၊ သွားရောက် တွေ့ဆုံလေ့လာမှု၏ လုပ်ထုံးလုပ်နည်းများ၊ လေ့လာတွေ့ဆုံခြင်းများ၏ နောက်ဆက်တွဲ ဆောင်ရွက်မှုများ စသည်တို့ကို ဆွေးနွေးတင်ပြမှု ပြုလုပ်ခဲ့ပါသည်။ ယင်းနောက် ဦးသန်းဆွေက နိုင်ငံတကာအကျဉ်းထောင်စံနှုန်းများ ခေါင်းစဉ်ဖြင့် အကျဉ်းထောင်များအတွင်း အဓိကစိန်ခေါ်မှုများ၊ ကောင်းမွန်စွာလည်ပတ်လျက်ရှိသည့် အကျဉ်းထောင်များ၊ အကျဉ်းသားတို့၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိသည့် စနစ်အချို့နှင့် အပြည်ပြည်ဆိုင်ရာအကျဉ်းထောင်စံနှုန်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေရှိ အဓိက အခွင့်အရေးများနှင့် အဓိကအခြေခံမူများ စသည်တို့ကို ဆွေးနွေးတင်ပြမှုများ ပြုလုပ်ခဲ့ရာ ကော်မရှင်အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများက ဆွေးနွေး တင်ပြမှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

**အခြားဆောင်ရွက်ချက်များ**

၁၀၄။ **အချက်အလက်များပေးပို့ခြင်း။** (၅) ကြိမ်မြောက် အာဆီယံ - အီးယူလူ့အခွင့်အရေးဆိုင်ရာ မူဝါဒဆွေးနွေးပွဲနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်နှင့် ကုလသမဂ္ဂတို့၏ ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲတို့တွင် ပြောကြားရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အချက်အလက်တောင်းခံလာခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်ရုံးမှ ဆောင်ရွက်လျက်ရှိသည့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု အချက်အလက်များ (အင်္ဂလိပ်၊ မြန်မာ) အား အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၄-၉-၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၁၀၅။ **ဖိလစ်ပိုင်နိုင်ငံလူ့အခွင့်အရေးကော်မရှင် (CHRP) မှ ပေးပို့သော Survey ဖြေဆိုခြင်း။** CHRP မှ ၎င်းတို့၏ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ (၂၀၂၃ မှ ၂၀၂၈) ခုနှစ်အတွင်း ပိုမို ကောင်းမွန်သော ဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုများ ပေးနိုင်စေရန်အတွက် အကဲဖြတ်သုံးသပ်သည့် survey အား ၁၉-၁-၂၀၂၃ ရက်နေ့တွင် ဖြေဆို ပေးပို့ခဲ့ပါသည်။

၁၀၆။ **အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) မှ ပေးပို့လာသော Survey ဖြေဆိုခြင်း။** GANHRI Business and Human Rights Working Group မှ

အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖြေဆိုရန် Survey on Business and Human Rights ပေးပို့လာမှုနှင့်စပ်လျဉ်း၍ ၃၁-၃-၂၀၂၃ ရက်နေ့တွင် ဖြေဆိုပေးပို့ခဲ့ပါသည်။

၁၀၇။ **Survey ဖြေဆိုခြင်း။** ကိုရီးယားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အာရှ-ပစိဖိတ်ဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအတွက် လက်နက်ကိုင်ပဋိပက္ခ အခြေအနေများနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်တစ်ခုအဖြစ် ပံ့ပိုးရန် ရည်ရွယ်သည့် cross-country survey အား ဖြေဆိုရေးအတွက် အာရှ - ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) မှတစ်ဆင့် E-mail ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ၃၁-၈-၂၀၂၃ ရက်နေ့တွင် ဖြေဆိုပေးပို့ခဲ့ပါသည်။

**ကော်မရှင်ရုံးဝန်ထမ်းများ၏ ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုများ**

၁၀၈။ ကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသိပညာများ တိုးပွားစေရန်၊ အတွေ့အကြုံများ ဖလှယ်ရန်၊ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ အောက်ပါအတိုင်း ပါဝင် တက်ရောက်စေခဲ့ပါသည် -

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | ဖိတ်ကြားသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၁၃-၂-၂၀၂၃ မှ ၇-၄-၂၀၂၃ ထိ | Special Course in English Language Proficiency for Officials from Myanmar (Basic) | ဦးဇော်အောင် (ငယ်/ရေး)၊ ဒေါ်မေမြတ်နိုးဦး (ငယ်/ရေး) | အိန္ဒိယနိုင်ငံ၊ e-ITEC အစီအစဉ် | Online Platform |
| ၂ | ၁၃-၂-၂၀၂၃ မှ ၇-၄-၂၀၂၃ ထိ | Special Course in English Language Proficiency for Officials from Myanmar (Advanced) | ဒေါ်ခင်မင်းသက်လွင် (ဦး/ရှိ)၊ ဒေါ်မေနှင်းသူ (ဦး/ရှိ) | အိန္ဒိယနိုင်ငံ၊ e-ITEC အစီအစဉ် | Online Platform |

| စဉ် | ကာလ | အကြောင်းအရာ | တက်ရောက်သူ | ဖိတ်ကြားသည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|
| ၃။ | ၂၆-၇-၂၀၂၃ | မဏ္ဍိုင် (၄) ရပ် အလုပ်ရုံ ဆွေးနွေးပွဲ | ဦးဘုန်းကြွယ် (ညွှန်/ချုပ်)၊ ဦးဇေယျာလင်း (ညွှန်/မှူး) | ပြန်ကြားရေး ဝန်ကြီးဌာန | |

# မှတ်တမ်းဓာတ်ပုံများ



SEANF ၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးတက်ရောက်ခြင်း




AICHR နှင့် SEANF တို့အကြား တွေ့ဆုံဆွေးနွေးပွဲ အစီအစဉ်သို့
ပါဝင်တက်ရောက်ခြင်း



Forum on Global Human Rights Governance သို့ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း တက်ရောက်ခြင်း




SEANF ၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခြင်း



SEANF ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်း တက်ရောက်ခြင်း




အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၂) နှစ်တစ်ကြိမ် ကျင်းပသည့် ညီလာခံတို့သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှန်းနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း တက်ရောက်ခြင်း



အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် ကော်မရှင်အဖွဲ့ဝင်
ဒေါက်တာတင်မောင်မောင်သန်းတို့ တွေ့ဆုံခြင်း



အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏
မြန်မာနိုင်ငံအတွင်း အကျဉ်းထောင်လေ့လာရေး အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခြင်း

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၁၀၉။ စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဋ) နှင့်အညီ ကော်မရှင်၏ တာဝန်တစ်ရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူပြုသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပြင် ကော်မရှင်ဥပဒေပုဒ်မ ၂၇ နှင့်အညီ ကော်မရှင် ပုံမှန်အစည်းအဝေး၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် ကော်မရှင် အထူးအစည်း အဝေး ၊ အခမ်းအနားများ ကျင်းပနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိပါသည်။

၁၁၀။ ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲဆောင်ရွက်ခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ခွင့်ပေး ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြည်တွင်းသင်တန်းများစေလွှတ်ခြင်း၊ အရေးယူခြင်း၊ အငြိမ်းစား ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။ ဝန်ထမ်းဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ အပ်နှင်းရန် စိစစ်တင်ပြခြင်း၊ ဌာနဆိုင်ရာမြေ၊ အဆောက်အဦ ထိန်းသိမ်းခြင်း၊ လွှဲပြောင်းပေး ခြင်း၊ မော်တော်ယာဉ်၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ ခွဲဝေပေးခြင်းနှင့် ထိန်းသိမ်း ခြင်း၊ ရုံးတွင်းစီမံခန့်ခွဲရေးကိစ္စများ ဆောင်ရွက်ခြင်း၊ ထောက်ပံ့ရေးဆိုင်ရာ ပစ္စည်းများ ဝယ်ယူ ဖြည့်တင်းခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်း၊ ပုံသေပိုင်ပစ္စည်း လချုပ်နှင့်နှစ်ချုပ်စာရင်း များ ထိန်းသိမ်းခြင်းတို့အပြင် ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြု ရန်ပုံငွေတောင်းခံခြင်း၊ ငွေတောင်းခံလွှာများ စိစစ်ခွင့်ပြုခြင်း၊ အသုံးစရိတ်များကို ချက်လက် မှတ်ဖြင့်ငွေပေးချေခြင်း၊ ငွေသားထုတ်ပေးခြင်းနှင့် ပိုလျှံငွေ ပြန်လည်အပ်နှံခြင်း၊ ထောက်ပံ့ ငွေစာရင်းပြုစုခြင်းနှင့် ငွေစာရင်းထိန်းသိမ်းခြင်း၊ လိုအပ်သည့် မှတ်ပုံတင်စာ အုပ်များ ဖွင့်လှစ် ထိန်းသိမ်းခြင်း၊ ချီးမြှင့်ငွေစာရင်းရေးဆွဲခြင်း၊ ချီးမြှင့်ငွေထုတ်ပေးခြင်း၊ ဝင်ငွေခွန်ဖြတ်တောက် ပေးသွင်းခြင်း၊ လစာငွေတောင်းခံလွှာများ ရေးဆွဲခြင်းနှင့် ဝန်ထမ်းများအား လစာပေးဝေခြင်း တို့ ဆောင်ရွက်ပါသည်။

### ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁၁၁။ ကော်မရှင် ပုံမှန်အစည်းအဝေးနှင့် ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးတို့ကို ကျင်းပပြုလုပ်နိုင်ရေး အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်-

(က) **ကော်မရှင်ပုံမှန်အစည်းအဝေး**

(၁) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံး လုပ်နည်းများအပိုဒ် ၄၉ အရ ကော်မရှင်ပုံမှန် အစည်းအဝေးတွင် ဥက္ကဋ္ဌ၊

ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သည့် ကော်မရှင် ပုံမှန်အစည်းအဝေးကို လစဉ်ကျင်းပဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်ပုံမှန်အစည်းအဝေး (၁၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂) ကော်မရှင်ဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) အရ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ကော်မရှင်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။

(ခ) **ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ**

(၁) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် (၂) ဦးနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သော ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ ဖွဲ့စည်းထားရှိပါသည်။ ကော်မတီအဖွဲ့ဝင်ဖြစ်သည့် ကော်မရှင် အဖွဲ့ဝင် (၂) ဦးကို (၆) လ တစ်ကြိမ် အလှည့်ကျ တာဝန်ပေးအပ်ဆောင်ရွက်ပြီး ၂၀၂၃ ခုနှစ် အတွင်း ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၁၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကော်မရှင်၏ စီမံရေးရာနှင့် ဘဏ္ဍာရေးကိစ္စရပ်များကို ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။

(ဂ) **ကော်မရှင်အထူးအစည်းအဝေးများ**

(၁) ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အထူး အစည်းအဝေး တစ်ကြိမ်နှင့် ဘတ်ဂျက်ကိစ္စအထူးအစည်းအဝေး တစ်ကြိမ်တို့ကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

**ဝန်ထမ်းရေးရာကိစ္စရပ်များ**

၁၁၂။ **ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ဝန်ထမ်းအင်အား။** ကော်မရှင်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်ရုံးချုပ်နှင့်ရုံးခွဲများတွင် အရာထမ်း ၅ ဦး၊ အမှုထမ်း ၁၄ ဦး၊ တိုးချဲ့ခန့်အပ်ခဲ့ပြီး ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ ဝန်ထမ်းအင်အားမှာ အရာထမ်း ၄၂ ဦး၊ အမှုထမ်း ၆၆ ဦး၊ စုစုပေါင်း ဝန်ထမ်း ၁၀၈ ဦး ဖြစ်ပါသည်။

၁၁၃။ **အင်အားလျော့ခြင်း။** ၂၀၂၃ ခုနှစ်အတွင်း အလုပ်မှနုတ်ထွက်သူ အရာထမ်း ၅ ဦး၊ အမှုထမ်း ၇ ဦး၊ သက်ပြည့်အငြိမ်းစားယူသည့် အရာထမ်း ၂ ဦး၊ ဝန်ထမ်းရေးရာကိစ္စများနှင့်

စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်းများကို ဖောက်ဖျက်သဖြင့် ရာထူးမှ ထုတ်ပယ်သူ အရာထမ်း ၂ ဦး စုစုပေါင်း ၁၄ ဦးတို့ ဖြစ်ပါသည်။

၁၁၄။ **ဌာနတွင်းရာထူးတိုးမြှင့်ပေးခြင်း။** ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်ရုံး ဝန်ထမ်းများအား အောက်ပါအတိုင်းရာထူးတိုးမြှင့်ပေးခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးစီးအရာရှိရာထူးမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူး | ၆ ဦး |
| (ခ) | ဒုတိယလွှတ်အခွင့်အရေးဦးစီးမှူးရာထူးမှ ဦးစီးအရာရှိရာထူး | ၂ ဦး |
| (ဂ) | အကြီးတန်းစာရေးရာထူးမှ ဒုတိယလွှတ်အခွင့်အရေးဦးစီးမှူးရာထူး | ၅ ဦး |
| (ဃ) | အငယ်တန်းစာရေးရာထူးမှ ဒုတိယလွှတ်အခွင့်အရေးဦးစီးမှူးရာထူး | ၆ ဦး |
| (င) | အငယ်တန်းစာရေးရာထူးမှ အကြီးတန်းစာရေးရာထူး | ၇ ဦး |
| (စ) | ယာဉ်မောင်းစက်ပြင် - ၃ ရာထူးမှ ယာဉ်မောင်းစက်ပြင် - ၂ ရာထူး | ၁ ဦး |
| (ဆ) | ဥယျာဉ်လုပ်သားရာထူးမှ ယာဉ်မောင်းအဆင့် - ၃ ရာထူး | ၁ ဦး |
| (ဇ) | ရုံးအကူရာထူးမှ ယာဉ်မောင်းအဆင့် - ၃ ရာထူး | ၁ ဦး |
| | **ရာထူးတိုးမြှင့်ခြင်းခံရသူစုစုပေါင်း** | **၂၉ ဦး** |

၁၁၅။ **သင်တန်းများတက်ရောက်ခြင်း။** ကော်မရှင်ရုံး ဝန်ထမ်းများသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖွင့်လှစ်သောသင်တန်းများကို အောက်ပါအတိုင်း တက်ရောက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၁၁ ဦး |
| (ခ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၆ ဦး |

၁၁၆။ **ဘွဲ့ထူး/ ဂုဏ်ထူးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်း။** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၃) ဖြင့် ချီးမြှင့်အပ်နှင်းခဲ့သည့် ၂၀၂၃ ခုနှစ်အတွက် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ကို ကော်မရှင်ရုံးဝန်ထမ်း ၁၂ ဦး ရရှိခဲ့ပါသည်။

## ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်နိုင်ရေးဆောင်ရွက်မှု

၁၁၇။ ၈-၅-၂၀၂၃ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က "တစ်ကျော့ပြန် ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာများ၊ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းလဲလာခြင်းနှင့်အတူ သေဆုံးမှုအရေအတွက်တိုးမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်နည်းလမ်းများနှင့် နေထိုင်ရန်နည်းလမ်းများ" ကို ရှင်းလင်းဆွေးနွေးခဲ့ရာ အမှုထမ်း၊ အရာထမ်း ၈၄ ဦး တက်ရောက်ခဲ့ပါသည်။

၁၁၈။ ကော်မရှင်၏ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ဝန်ထမ်းအားလုံးသို့ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းများအပြင် Mask များ၊ လက်သန့်ဆေးဘူးများ ဝေငှပေးခြင်း၊ အပတ်စဉ် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ/ ဗဟိုအဖွဲ့များတွင် ပါဝင်ဆောင်ရွက်မှု**

၁၁၉။ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်းများသည် နိုင်ငံတော် က ဖွဲ့စည်းသည့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ/ ဗဟိုအဖွဲ့များတွင် ပါဝင်၍ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | အမည် | ရာထူး | လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ/ ဗဟို အဖွဲ့ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ | Universal Periodic Review (UPR) အကြံပြု တိုက်တွန်းချက် များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အစီရင်ခံစာ ရေးသားပြုစုတင်ပြနိုင်ရေးလုပ်ငန်းကော်မတီ | အဖွဲ့ဝင် |
| ၂ | ဒေါက်တာနန္ဒာမှုန်း | ဒုတိယ ဥက္ကဋ္ဌ | အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂) ရေးဆွဲရေး ဦးဆောင်ကော်မတီ | - |
| ၃ | ဦးကျော်စိုး | အဖွဲ့ဝင် | လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ | အဖွဲ့ဝင် |
| ၄ | ဒေါ်နုနုယဉ် | အဖွဲ့ဝင် | (က) တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(ခ) အမုန်းစကားများကာကွယ် တားဆီးရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ<br>(ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ ယနေ့ထိ) | အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး | လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ/ ဗဟို အဖွဲ့ | မှတ်ချက် |
|---|---|---|---|---|
| ၅ | ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် | မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ကော်မတီ(၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလထိ) | အဖွဲ့ဝင် |
| ၆ | ဦးကျော်မြင့် | အဖွဲ့ဝင် | ပြစ်ဒဏ်ကျအကျဉ်းသားများ စိစစ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၇ | ဦးဘုန်းကြွယ် | ညွှန်ကြား ရေးမှူးချုပ် | (က) မသန်စွမ်းသူများ၏အခွင့်အရေး များဆိုင်ရာအမျိုးသား ကော်မတီ | အဖွဲ့ဝင် |
| | | | (ခ) အမျိုးသမီးများနှင့်လူ့အခွင့်အရေး ဆိုင်ရာလုပ်ငန်း ကော်မတီ | ဥက္ကဋ္ဌ |
| | | | (ဂ) အမျိုးသားအဆင့် မူခင်းကြိုတင် ကာကွယ်ရေး မဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့ | အဖွဲ့ဝင် |
| | | | (ဃ)ခွဲခြားမှုမပြုရေးဆိုင်ရာ လုပ်ငန်း ကော်မတီ | အဖွဲ့ဝင် |
| | | | (င) ကျား၊ မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစား လွယ်သော အုပ်စုများ ကာကွယ်ရေး ဆိုင်ရာလုပ်ငန်း ကော်မတီ | အဖွဲ့ဝင် |
| | | | (စ) အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသား ကော်မတီ | အဖွဲ့ဝင် |
| ၈ | ဒေါက်တာနိုင်နိုင်ဝင်း | ဒုတိယ ညွှန်ကြား ရေးမှူးချုပ် | မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ လုပ်ငန်းကော်မတီ | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး | လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ/ ဗဟို အဖွဲ့ | မှတ်ချက် |
|---|---|---|---|---|
| ၉ | ဦးသူရကျော် | ညွှန်ကြားရေးမှူး | (က)အမျိုးသမီးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်း ယန္တရားများဆိုင်ရာလုပ်ငန်း ကော်မတီ | အဖွဲ့ဝင် |
| | | | (ခ)နိုင်ငံအတွင်းရှိ ပရဟိတဂေဟာများတွင် ကလေးသူငယ်များ လက်ခံစောင့်ရှောက်ထားရှိမှု အခြေအနေ လေ့လာဆန်းစစ်သည့် သုတေသန လုပ်ငန်းအဖွဲ့ Technical Core Team (TCT) | အဖွဲ့ဝင် |
| ၁၀ | ဦးဇော်လွင်ထူး | ညွှန်ကြားရေးမှူး | (က)မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ စောင့်ကြည့်အကဲဖြတ် ဆပ်ကော်မတီ | အဖွဲ့ဝင် |
| | | | (ခ)အမျိုးသမီးများနှင့်လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ | အတွင်းရေးမှူး |
| ၁၁ | ဒေါ်ဖြိုးသီရိဝင်း | ညွှန်ကြားရေးမှူး | (က)တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ | အဖွဲ့ဝင် |
| | | | (ခ) CEDAW ဆဋ္ဌမအကြိမ် အစီရင်ခံစာ ရေးသားရေးအဖွဲ့ | အဖွဲ့ဝင် |
| ၁၂ | ဒေါ်ဇင်မင်းသက်လွင် | လက်ထောက်ညွှန်ကြားရေးမှူး | မသန်စွမ်းသူများ၏ တရားမျှတမှုရပိုင်ခွင့်ဆိုင်ရာဆပ်ကော်မတီ | အဖွဲ့ဝင် |

**ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အခမ်းအနား/ အစည်းအဝေးတက်ရောက်ခြင်း**

၁၂၀။ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်က ကြီးမှူးကျင်းပသည့် အခမ်းအနား၊ အစည်းအဝေးများသို့ အောက်ပါအတိုင်း တက်ရောက်ခဲ့ပါသည်-

| စဉ် | တက်ရောက်သည့် ပုဂ္ဂိုလ် | နေ့စွဲ | တက်ရောက်သည့် အခမ်းအနား/အစည်းအဝေး | နေရာ |
|---|---|---|---|---|
| ၁ | ကော်မရှင်ဥက္ကဋ္ဌ | ၄-၁-၂၀၂၃ | (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘွဲ့ထူး/ ဂုဏ်ထူးချီးမြှင့်ခြင်း အခမ်းအနား | နေပြည်တော် |
| ၂ | ကော်မရှင်ဥက္ကဋ္ဌနှင့် ဒေါ်နုနုယဉ် ကော်မရှင်အဖွဲ့ဝင် | ၄-၁-၂၀၂၃ | (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှိခံပွဲနှင့် ညစာစားပွဲ အခမ်းအနား | နေပြည်တော် |
| ၃ | ကော်မရှင်ဥက္ကဋ္ဌ | ၁၂-၂-၂၀၂၃ | (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနား | နေပြည်တော် |
| ၄ | ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၇) ဦး | ၁၂-၂-၂၀၂၃ | (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အလေးပြုပွဲ အခမ်းအနား | နေပြည်တော် |
| ၅ | ကော်မရှင် ဒုတိယဥက္ကဋ္ဌ | ၁၆-၂-၂၀၂၃ | ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် | MICC-II နေပြည်တော် |
| ၆ | ဒေါ်နုနုယဉ် ကော်မရှင်အဖွဲ့ဝင် | ၈-၃-၂၀၂၃ | ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား | MICC-II နေပြည်တော် |
| ၇ | ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ | ၃-၃-၂၀၂၃ | နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား | နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် |

| | | | | |
|---|---|---|---|---|
| ၈ | ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် နှင့် ညွှန်ကြားရေးမှူး | ၅-၃-၂၀၂၃ | သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပွဲ | နေပြည်တော် |
| ၉ | ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် များ၊ ညွှန်ကြား ရေးမှူးချုပ် | ၂၇-၃-၂၀၂၃ | (၇၈) နှစ်မြောက် တပ်မတော် နေ့အခမ်းအနားနှင့် ညစာစားပွဲ | နေပြည်တော် |
| ၁၀ | ဒေါ်နုနုယဉ် ကော်မရှင်အဖွဲ့ဝင် | ၇-၄-၂၀၂၃ | ပြစ်ဒဏ်ကျ အကျဉ်းသားများ စိစစ်ရေးကော်မတီ၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး | ပြည်ထဲရေးဝန် ကြီးဌာန၊ နေပြည်တော် |
| ၁၁ | ကော်မရှင်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူး ချုပ်နှင့် ညွှန်ကြား ရေးမှူး (၂) ဦး | ၉-၁၂-၂၀၂၃ | အပြည်ပြည်ဆိုင်ရာ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား | MICC – I နေပြည်တော် |

**ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ**

၁၂၁။ ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ တစ်နှစ်တာအတွက် ထောက်ပံ့အသုံးစရိတ်အား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ တင်ပြတောင်းခံခဲ့ရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေကို ငွေတိုက်ဦးစီးဌာနမှတစ်ဆင့် ရရှိခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ခွင့်ပြုငွေမှာ ကျပ် ၁၂၈၆.၂၉၂ သန်းမှ သုံးစွဲငွေ ကျပ် ၁၁၉၄.၀၃၃ သန်းဖြစ်ပြီး ပိုလျှံငွေ ၉၂.၂၅၉ သန်းအား ငွေတိုက်ဦးစီးဌာနသို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁၁၉၉.၈ သန်း ဖြစ်ပါသည်။

**ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စုဆောင်းငွေ**

၁၂၂။ ကော်မရှင်ရုံးဝန်ထမ်းများ၏ ဘဝနောင်ရေးအာမခံချက် ရရှိစေရေးအတွက် အငြိမ်းစား ပင်စင်စီမံချက်ဖြင့် အငြိမ်းစားပင်စင်စနစ်ကို ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာလုပ်ထုံး

လုပ်နည်း အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ) တွင် ထည့်သွင်းရေးဆွဲခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၂၃။ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံရာတွင် ပင်စင်ထည့်ဝင်ငွေကို ဝန်ထမ်း ၁၄၀ ဦးအတွက် တစ်လလျှင် ၀.၉၀၃ သန်းနှုန်းဖြင့် တစ်နှစ်အတွက် ကျပ် ၁၀.၈၄၅ သန်း ထည့်သွင်း တွက်ချက် တောင်းခံခဲ့ပါသည်။

၁၂၄။ ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှစတင်၍ ဝန်ထမ်းများလစာ၏ ၃ % နှင့် ကော်မရှင် ထောက်ပံ့ရန်ပုံငွေမှ ၃ % ဖြင့် လစဉ် စုဆောင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ စုဆောင်းငွေကျပ် ၁၀၁.၈၅၄ သန်း စုဆောင်းပြီးဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် အငြိမ်းစားပင်စင်စီမံချက်၌ ဝန်ထမ်း ၁၀၈ ဦး ထည့်ဝင်စုဆောင်းလျက်ရှိပါသည်။

**ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ခြင်း**

၁၂၅။ လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အလုပ်သမားထုတစ်ရပ်လုံး၏ နာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်အတွင်းထိခိုက်မှု၊ သေဆုံးမှုစသည့် လူမှုဒုက္ခများကြုံတွေ့ချိန်တွင် အခက်အခဲမရှိစေရေးအတွက် ၁၉၅၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်ခဲ့သော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။ ဝန်ထမ်းများ၏ သဘောဆန္ဒနှင့်အညီ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၅) ဆုံးဖြတ်ချက်ဖြင့် လူမှုဖူလုံရေး ထည့်ဝင်ကြေး ပေးသွင်းခွင့်ကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ ခွင့်ပြုချက်အရ ၂၀၁၅ ခုနှစ်၊ မေလမှ စတင်၍ ဝန်ထမ်းများလစာ၏ ၂ % နှင့် ကော်မရှင် ထောက်ပံ့ငွေမှ ၃ % စုစုပေါင်း ၅ % ကို လစဉ်ထည့်ဝင် စုဆောင်း ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ငွေတိုက်ဦးစီးဌာနမှ ခွင့်ပြုသော ကော်မရှင် ထောက်ပံ့ရန်ပုံငွေတွင် လူမှုဖူလုံရေးထည့်ဝင်ငွေကို ပါဝင်ခွင့်ပြုခဲ့ပါသည်။ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် လူမှုဖူလုံရေး ထည့်ဝင်ကြေးအတွက် ခွင့်ပြုငွေမှာ ၅.၄၂၂ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ဝန်ထမ်း ၂၆ ဦးသည် လူမှုဖူလုံရေး အကျုံးဝင်လျက်ရှိပါသည်။

**ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်အပ်ပြီးအင်အား**

၁၂၆။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကော်မရှင်ရုံး ဖွဲ့စည်းပုံနှင့် ခန့်အပ်ပြီးဝန်ထမ်းအင်အား စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရာထူး | ဝန်ထမ်းဖွဲ့စည်းပုံ | ရုံးချုပ်အင်အား | ရုံးခွဲအင်အား | | | | စုစုပေါင်းအင်အား |
|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | ရခိုင် | ပုသိမ် | |
| ၁ | ညွှန်ကြားရေးမှူးချုပ် | ၁ | ၁ | - | - | - | - | ၁ |
| ၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁ | ၁ | - | - | - | - | ၁ |
| ၃ | ညွှန်ကြားရေးမှူး | ၆ | ၄ | - | - | - | - | ၄ |
| ၄ | ဒုတိယညွှန်ကြားရေးမှူး | ၁၃ | ၅ | - | - | - | - | ၅ |
| ၅ | လက်ထောက်ညွှန်ကြားရေးမှူး | ၂၅ | ၇ | ၁ | ၁ | ၁ | - | ၁၀ |
| ၆ | စာကြည့်တိုက်မှူး | ၁ | - | - | - | - | - | - |
| ၇ | ဦးစီးအရာရှိ | ၄၀ | ၁၉ | ၁ | - | - | ၁ | ၂၁ |
| ၈ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၅၄ | ၁၈ | - | - | ၁ | - | ၁၉ |
| ၉ | အကြီးတန်းစာရေး | ၆၅ | ၅ | ၁ | ၁ | ၁ | - | ၈ |
| ၁၀ | အငယ်တန်းစာရေး | ၇၂ | ၈ | - | - | - | - | ၈ |
| ၁၁ | ယာဉ်မောင်းစက်ပြင် (၂) | ၄ | ၂ | - | - | - | - | ၂ |
| ၁၂ | ယာဉ်မောင်းစက်ပြင် (၃) | ၃ | - | - | - | - | - | - |
| ၁၃ | ယာဉ်မောင်း (၃) | ၈ | ၅ | ၁ | - | - | - | ၆ |
| ၁၄ | ရုံးအကူ | ၁၄ | ၁၁ | ၁ | ၁ | - | ၁ | ၁၄ |
| ၁၅ | သန့်ရှင်းရေး | ၁၂ | ၄ | ၁ | ၁ | - | - | ၆ |
| ၁၆ | အစောင့် | ၂ | - | ၁ | ၁ | - | - | ၂ |
| ၁၇ | ဥယျာဉ်လုပ်သား | ၁ | ၁ | - | - | - | - | ၁ |
| | စုစုပေါင်း | ၃၂၂ | ၉၁ | ၇ | ၅ | ၃ | ၂ | ၁၀၈ |

**ကော်မရှင်၏ ၁၂ နှစ်တာမှတ်တမ်းစာအုပ် ပြုစုထုတ်ဝေဖြန့်ချိခြင်း**

၁၂၇။ ကော်မရှင် ဖွဲ့စည်းခဲ့သည်မှာ ၂၀၂၃ ခုနှစ်တွင် ၁၂ နှစ်တိုင်ခဲ့ပြီဖြစ်သဖြင့် အဆိုပါ ၁၂ နှစ်တာ ခရီးလမ်းကြောင်းအတွင်း ကော်မရှင်၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုနှင့် လှုပ်ရှားဆောင်ရွက်မှု အဆင့်ဆင့်တို့ကို မှတ်တမ်းတင်ထားရှိနိုင်ရန် ၁၂ နှစ်တာမှတ်တမ်းစာအုပ်ပြုစုရေးသားရေးအဖွဲ့ကို ဖွဲ့စည်း၍ **"မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ၁၂ နှစ်တာမှတ်တမ်း"** စာအုပ် ပြုစုထုတ်ဝေနိုင်ခဲ့ပါသည်။

၁၂၈။ ပြုစုထုတ်ဝေခဲ့သည့် **"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၁၂ နှစ်တာမှတ်တမ်း"** စာအုပ်ကို (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသူများအား ဖြန့်ချိဝေငှခဲ့ပြီး အခမ်းအနား၏ ပြခန်းအတွင်း၌လည်း ခင်းကျင်းပြသခဲ့ပါသည်။

**ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်မားရေးအတွက် ဆောင်ရွက်ခြင်း**

၁၂၉။ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးအတွက် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်စိုးနှင့် ဒေါက်တာမြင့်သူမြိုင်တို့မှ Thematic Paper စနစ်တကျ ရေးသားပြုစုနိုင်ရေး ဆွေးနွေးပို့ချခဲ့ရာ ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်၍ ကော်မရှင် ရုံးခွဲများရှိဝန်ထမ်းများမှာ Video Conferencing ဖြင့် တက်ရောက်ကြပါသည်။ ထို့ပြင် ကော်မရှင်ရုံးဝန်ထမ်းများ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုအဆင့်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားလာစေရေးတို့အတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ပါ အပိုဒ်များအနက် ဌာနများ အလိုက်တင်ပြလိုသည့် လူ့အခွင့်အရေးဆိုင်ရာ အပိုဒ်များအား ကောက်နုတ်၍ အင်္ဂလိပ်ဘာသာဖြင့်ရှင်းလင်း တင်ပြခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း**

၁၃၀။ ရုံးလုပ်ငန်းများကို သိရှိနားလည်စေရန်နှင့် လုပ်ငန်းများ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ကော်မရှင်ရုံးရှိ အရာထမ်း/အမှုထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်း (ပထမအကြိမ်) ကို ၁၆-၈-၂၀၂၃ ရက်နေ့မှ ၃၀-၈-၂၀၂၃ ရက်နေ့ထိလည်းကောင်း၊ (ဒုတိယအကြိမ်) ကို ၉-၁၀-၂၀၂၃ ရက်နေ့မှ ၂၀-၁၀-၂၀၂၃ ရက်နေ့အထိလည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများအဖြစ် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် ဘာသာရပ်များကိုထည့်သွင်းပို့ချခဲ့ပြီး ကော်မရှင်ရုံးရှိ အရာထမ်း/ အမှုထမ်း ၃၅ ဦး တက်ရောက်ခဲ့ကြပါသည်။

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ Corruption Prevention Unit (CPU) အဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ**

၁၃၁။ ကော်မရှင်ရုံး၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အား အမိန့်ကြော်ငြာစာအမှတ် (၅/ ၂၀၂၁) ဖြင့် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ အဖွဲ့ဝင် (၅) ဦး ပါဝင်သောအဖွဲ့ကို ၁၅-၆-၂၀၂၁ ရက်စွဲဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အမိန့်ကြော်ငြာစာအမှတ် (၆/ ၂၀၂၂) ဖြင့် ၁၂-၈-၂၀၂၂ ရက်နေ့တွင် တစ်ကြိမ်၊ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၃) ဖြင့် ၂၀-၄-၂၀၂၃ ရက်နေ့တွင် တစ်ကြိမ် ပြင်ဆင်ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါ

သည်။ အဆိုပါအဖွဲ့မှ လုပ်ငန်းလမ်းညွှန် CPU Terms of Reference (TOR) နှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများ (SOP) တို့ကို ပြုစုရေးဆွဲခဲ့ပါသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အနေဖြင့် ကော်မရှင်ရုံးတွင် ၂၀၂၃ ခုနှစ်အတွင်း အစည်းအဝေး (၂) ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ လစဉ်ပေးပို့ တင်ပြလျက်ရှိပါသည်။

၁၃၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ၁၉-၅-၂၀၂၃ ရက်နေ့တွင် ကော်မရှင်ရုံး၌ ပြုလုပ်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ၁ ဦး တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ဝန်ထမ်း ၅၉ ဦး တက်ရောက်ခဲ့ကြပါသည်။

**Desk Officer များတာဝန်ပေးအပ်ခြင်း**

၁၃၃။ ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ အသက်အရွယ်ကြီးရင့်သူများ၏ အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဘာသာရပ်စသည့် ဘာသာရပ်များနှင့် စပ်လျဉ်းသည့် Desk Officer များကို တာဝန်ပေးအပ်ထားပါသည်။ အဆိုပါ Desk Officer များမှ ဘာသာရပ်အလိုက် လူ့အခွင့်အရေး အခြေအနေဖြစ်ပေါ်မှုများကို စောင့်ကြည့်ခြင်း၊ အချက်အလက်များ စုစည်းပြုစုခြင်းနှင့် ပြုစုပြီးအချက်အလက်များအား ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့ လစဉ်တင်ပြ လျက်ရှိပြီး ကော်မရှင်မှလိုအပ်သလို အသုံး ပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

## (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း

၁၃၄။ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို ၁၀-၁၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားပါသည်။

၁၃၅။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။

၁၃၆။ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားခဲ့ပါသည်။ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသူများကို UDHR Video Clip နှင့် UDHR တိုင်းရင်းသား ဘာသာပြန်စာအုပ် မိတ်ဆက်သည့် Video Clip တို့ကို ပြသခဲ့ပါသည်။

၁၃၇။ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ကော်မရှင်ဥက္ကဋ္ဌမှ ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်ခဲ့ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "၇၅ နှစ်မြောက် လူ့အခွင့်အရေးနေ့ဂုဏ်ပြု တေးသီချင်း" ဖြင့် ကပြဖျော်ဖြေခဲ့ပါသည်။

၁၃၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို ပြသထားသည့် ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်ကြသူများက လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

**အခမ်းအနားများဆောင်ရွက်မှု**

၁၃၉။ ၁၃-၁-၂၀၂၃ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင်များ တာဝန်ထမ်းဆောင်သည့်ကာလ ၃ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားအဖြစ် ဝန်ထမ်းများ လက်ဆောင် လဲလှယ်သည့် အစီအစဉ်နှင့် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၇၄) နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားအား ကျင်းပနိုင်ရေးဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဌာနအလိုက်ဆောင်ရွက်ချက်များနှင့် ဘာသာရပ်ဆိုင်ရာ တင်ပြခြင်း ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

၁၄၀။ ၂၉-၁၂-၂၀၂၃ ရက်နေ့တွင် ကျင်းပသော ၂၀၂၄ ခုနှစ်၊ နှစ်သစ်ကူးအကြို အခမ်းအနား၌ ၂၀၂၂ ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသော ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် စီမံထုံးချုပ် (ဒုတိယဆင့်) ရရှိသော ကော်မရှင်ရုံး ညွှန်ကြားရေး မှူးချုပ်တို့အားလည်းကောင်း၊ နိုင်ငံတော်မှ ချီးမြှင့်ခြင်းခံရသည့် ၂၀၂၂ ခုနှစ်၊ အမျိုးသား စာပေဆု သုတပဒေသာ (ဝိဇ္ဇာ) ရရှိသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း ရုံးတက်ရက်မှန်သည့် ဝန်ထမ်း (၁၁) ဦးအားလည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွင်း တာဝန်

ထမ်းဆောင်မှုနှင့် စပ်လျဉ်း၍ လုပ်ငန်းစွမ်းဆောင်ရည်ဆုကို အရာထမ်း ၃ ဦးအားလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် သင်တန်းများ၌ အရည်အချင်းသတ်မှတ်ချက် အဆင့် ၁ မှ ၁၀ အတွင်းရရှိသည့် အရာထမ်း ၂ ဦးတို့အားလည်းကောင်း၊ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားအတွက် ဆောင်းပါးပြိုင်ပွဲနှင့် အထိမ်းအမှတ်တံဆိပ် (Logo) ပြိုင်ပွဲတို့တွင် ဆုရရှိသည့် အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် နေပြည်တော် (ရုံးခွဲ) ဖွင့်လှစ်ခြင်း**

၁၄၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေ ပုဒ်မ ၅၇ အရ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် နေပြည်တော် (ရုံးခွဲ) အဆောက်အဦ၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ရုံးခွဲဖွင့်ပွဲ အခမ်းအနား၌ ကော်မရှင်ဥက္ကဋ္ဌ ဦးဟေ်လွင်စိန်က အမှာစကားပြောကြား ခဲ့ပြီးနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရုံးခွဲဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အမှတ်တရ သစ်ပင် စိုက်ပျိုးခဲ့ပါသည်။

## မှတ်တမ်းဓာတ်ပုံများ



ကော်မရှင်အထူးအစည်းအဝေး ကျင်းပခြင်း



ကော်မရှင်ပုံမှန်အစည်းအဝေး ကျင်းပခြင်း



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး
အဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုဆိုင်ရာ
အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခြင်း



Thematic Paper စနစ်တကျ ရေးသားပြုစုနိုင်ရေး ဆွေးနွေးပို့ချခြင်း





အခြေခံရုံးလုပ်ငန်းသင်တန်း ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဖွင့်လှစ်သင်ကြားခြင်း






(၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ
မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ခဲ့ပြီး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး
စိုးဝင်း တက်ရောက်အမှာစကားပြောကြားခြင်း



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို ပြသထားသည့် ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်ကြသူများက လှည့်လည်ကြည့်ရှုခြင်း



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် နေပြည်တော် (ရုံးခွဲ) ဖွင့်လှစ်ခြင်း



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် နေပြည်တော် (ရုံးခွဲ) ဖွင့်ပွဲ
အထိမ်းအမှတ်အဖြစ် အမှတ်တရ သစ်ပင် စိုက်ပျိုးခြင်း



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် နှစ်သစ်ကူးအကြို အခမ်းအနား ဖွင့်လှစ်ခြင်း



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် နှစ်သစ်ကူးအကြို အခမ်းအနားတွင်
လက်ဆောင်ပစ္စည်းများ မဲနှိုက်လဲလှယ်ခြင်း







၂၀၂၂ ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသော ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း




၂၀၂၂ ခုနှစ်၊ အမျိုးသား စာပေဆု သုတပဒေသာ (ဝိဇ္ဇာ) ရရှိသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချီးမြှင့်သည့် စီမံထူးချွန် (ဒုတိယဆင့်) ရရှိသော ကော်မရှင်ရုံး ညွှန်ကြားရေး မှူးချုပ်အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း

## e-Government လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၁၄၂။ e-Government ဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်း အချက်အလက်ဆက်သွယ်ရေးနည်းပညာ (Information and Communications Technology- ICT) အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကော်မရှင်၏ လုပ်ငန်းတာဝန် များကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်ရန် e-Government စနစ်များ အရှိန်အဟုန် မြှင့်တင်နိုင်ရေး ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ လုံခြုံရေးအတွက် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် နည်းပညာ ပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးခြင်း၊ အခြား ဌာနဆိုင်ရာများမှ အသုံးပြုထားသည့် Multi Platform Application များ တစ်စုတစ်စည်းတည်း ပေါင်းစပ်နိုင်ရန် ကော်မရှင်ရုံးဌာနများနှင့် ချိတ်ဆက်ခြင်း၊ ICT အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ပေးခြင်း၊ Online မှ ထိရောက် ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် e-Service များ အကောင်အထည်ဖော် ခြင်းနှင့် ကော်မရှင်၏ သတင်းအချက်အလက်နှင့် Cyber Security တို့ အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သတင်းအချက်အလက် လုံခြုံမှုအသိ ပညာပေးခြင်းနှင့် ကြိုတင် ကာကွယ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း အစရှိသည့် e-Government ဆိုင်ရာ လုပ်ငန်း တာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

### e-Government လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁၄၃။ e-Government လုပ်ငန်းဆိုင်ရာများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ရေး နှင့် ကော်မရှင်ရုံးဌာနအသီးသီး၏ လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် e-Government လုပ်ငန်းကော်မတီကို ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာ သန်းမြင့်နှင့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းတို့ ဦးဆောင်လျက် ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ ဖြင့် ဖွဲ့စည်းထားရှိပါသည်။

### နည်းပညာကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း

၁၄၄။ ကော်မရှင်ရုံးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ (ICT) ပိုမို ကျွမ်းကျင်မှုရှိစေရန်နှင့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်အတွင်း Digital Literacy သင်တန်း စုစုပေါင်း (၃) ကြိမ်အား အောက်ပါအတိုင်း ဖွင့်လှစ် ပို့ချပေးနိုင်ခဲ့ပါသည်-

(က) **Web Mail Training ဖွင့်လှစ်ခြင်း။** ရုံးလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆက်သွယ် ဆောင်ရွက်နိုင်ရာတွင် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ Digital

Literacy တတ်မြောက် စေရေးအတွက် Web Mail Training ကို ၂၀-၁-၂၀၂၃ တွင် ဖွင့်လှစ်ခဲ့ရာ ကော်မရှင်ရုံး ဝန်ထမ်း ၁၅ ဦး တက်ရောက်ခဲ့ပါသည်။

(ခ) **Digital Mapping Training နှင့် Artificial Intelligence (AI) နည်းပညာအကြောင်း သိကောင်းစရာ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း။** လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေအား Digital Mapping ဖြင့် ဖော်ပြနိုင်ရန် Digital Mapping Training နှင့် Artificial Intelligence (AI) နည်းပညာအား အသုံးပြု၍ ကော်မရှင် လုပ်ငန်းအတွက် အကျိုးရှိစွာ အသုံးချတတ်စေရန် Artificial Intelligence (AI) နည်းပညာ သင်တန်းကို ၂၅-၇-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ကော်မရှင်ရုံး ဝန်ထမ်း ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

(ဂ) **Animation Video Production သင်တန်း ဖွင့်လှစ်ခြင်း။** လူ့အခွင့်အရေး အသိပညာပေး Animation Video များအား ဖန်တီး၍ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဆောင်ရွက်မှုများတွင် ထည့်သွင်းဖော်ပြအသုံးပြုနိုင်စေရန် Animation Video Production သင်တန်းကို ၃-၉-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ကော်မရှင်ရုံး ဝန်ထမ်း ၉ ဦး တက်ရောက်ခဲ့ပါ သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ တက်ရောက်ခြင်း**

၁၄၅။ ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက် ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမို အဆင်ပြေချောမွေ့စေရန်အတွက် ၂၀၂၃ ခုနှစ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖွင့်လှစ်သော အောက်ပါ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သင်တန်းများသို့ တက်ရောက်ခဲ့ကြပါသည်-

| စဉ် | သင်တန်းအမည် | တက်ရောက်သူ | ရာထူး | ဌာန |
|---|---|---|---|---|
| ၁ | Computer Repair and Maintenance သင်တန်း (၀၁၀၁/ ၀၁/ ၂၃-၂၄) | ဦးမြတ်သူရ | ဦးစီးအရာရှိ | စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန |
| ၂ | Microsoft Office Word 2019 Course သင်တန်း (၀၁၀၂/ ၀၁/ ၀၂/ ၂၃-၂၄) | ဦးညီမင်းဖုံ | အငယ်တန်း စာရေး | e-Government ဌာန |

| စဉ် | သင်တန်းအမည် | တက်ရောက်သူ | ရာထူး | ဌာန |
|---|---|---|---|---|
| ၃ | Web Design HTML5 and CSS3 Course သင်တန်း (၀၃၀၁/ ၀၁၊ ၀၂/ ၂၃-၂၄) | ဒေါ်နှင်းဝေလွင် | လက်ထောက်ညွှန်ကြားရေးမှူး | e-Government ဌာန |
| ၄ | Responsive Web Design Using Bootstrap သင်တန်း (၀၀၀၃) ၀၁/၀၂/ ၂၃-၂၄ | ဦးကျော်ကိုကိုထိုက် | ဦးစီးအရာရှိ | e-Government ဌာန |
| ၅ | Online Security Awarness သင်တန်း (၀၅၀၇/ ၀၁၊ ၀၂/ ၂၃-၂၄) | ဒေါ်ဖြူနှင်း | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | e-Government ဌာန |
| ၆ | Microsoft Office Excel သင်တန်း (၀၁၀၃/ ၀၂/ ၂၃-၂၄) (Online) | ဒေါ်ဖြူနှင်း | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | e-Government ဌာန |
| | | ဦးညီမင်းဖိ | အငယ်တန်းစာရေး | e-Government ဌာန |
| ၇ | Information Security Management System သင်တန်း (၀၅၀၂/ ၀၁၊ ၀၂/ ၂၃-၂၄) | ဦးကျော်ကိုကိုထိုက် | ဦးစီးအရာရှိ | e-Government ဌာန |
| ၈ | Web Design HTML5 and CSS3 Course (Online) သင်တန်း (၀၃၀၁/ ၀၃၊ ၀၄/ ၂၃-၂၄) | ဦးညီမင်းဖိ | အငယ်တန်းစာရေး | e-Government ဌာန |

| စဉ် | သင်တန်းအမည် | တက်ရောက်သူ | ရာထူး | ဌာန |
|---|---|---|---|---|
| ၉ | Microsoft Office Advanced Excel 2019 (၀၁၀၅/၀၁၊ ၀၂/ ၂၃-၂၄) | ဒေါ်ဖြူနှင်း | ဒုတိယ လူ့အခွင့် အရေးဦးစီးမှူး | e-Government ဌာန |
| ၁၀ | Front-End Web Development with JavaScript သင်တန်း (၀၃၀၇/ ၀၁/ ၂၃-၂၄) | ဒေါ်နှင်းဝေလွင် | လက်ထောက် ညွှန်ကြားရေး မှူး | e-Government ဌာန |

**အခြားဆောင်ရွက်ချက်များ**

၁၄၆။ **ကော်မရှင် e-Newsletter ထုတ်ဝေခြင်း။** ကော်မရှင်၏ လစဉ်ဆောင်ရွက်ချက်များ၊ အစည်း အဝေးနှင့် သင်တန်းဆောင်ရွက်ခဲ့မှုများ၊ လူ့အခွင့်အရေးဆိုင်ရာ သိသင့် သိထိုက် သည့် ဗဟုသုတများ ဖော်ညွှန်းသည့် ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းများကို အများပြည်သူ သိရှိနိုင်စေရန် ကော်မရှင် e-Newsletter ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ လစဉ် ထုတ်ဝေခဲ့ပြီး ကော်မရှင် Website တွင် ဖော်ပြလျက်ရှိပါသည်။

၁၄၇။ **ဒီဇိုင်းများရေးဆွဲခြင်း။** ကော်မရှင်၏ ၂၀၂၄ ခုနှစ် Greeting Card အတွက် ဒီဇိုင်းများ ရေးဆွဲခြင်း၊ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) တိုင်းရင်းသားဘာသာပြန် စာအုပ် Animation Video ပြုလုပ်ခြင်း၊ ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်း ပေါ်ပေါက်လာပုံ ဗီဒီယိုပြသခြင်း၊ အခမ်းအနားတွင် ခင်းကျင်းပြသသည့် ပြခန်းနှင့် Backdrop များအတွက် ဒီဇိုင်းများ ရေးဆွဲပြင်ဆင်ခြင်း၊ ဓာတ်ပုံမှတ်တမ်းနှင့် ဗီဒီယိုမှတ်တမ်းများ ရယူခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁၄၈။ **MNHRC Mobile Application အဆင့်မြှင့်တင်ခြင်း။** လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အလို့ငှာ MNHRC Mobile Application ကို ၂၀၂၂ ခုနှစ်တွင် ရေးဆွဲပြီးစီးခဲ့ပါသည်။ အများပြည်သူအနေဖြင့် လူ့အခွင့် အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတင်းများ၊ လူ့အခွင့်အရေးဆိုင် ရာ ဗဟုသုတများကို သိရှိနိုင်ရန်နှင့် လူ့အခွင့် အရေး ဖောက်ဖျက် မှုများကို တိုင်တန်းရာတွင် အဆင်ပြေချောမွေ့ စွာအသုံးပြုနိုင်စေရန်အတွက် အဆိုပါ Application ကို ၂၀၂၃ ခုနှစ် အတွင်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**Web Administrator အဖြစ် ဆောင်ရွက်ခြင်း**

၁၄၉။ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် သတင်းထုတ်ပြန်ချက်များကို ကော်မရှင် Website ဖြစ်သော https://mnhrc.org.mm မှတစ်ဆင့် အများပြည်သူ သိရှိစေရန် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ခြင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကော်မရှင် Website ၏ လုံခြုံမှုအဆင့်အတန်း မြှင့်တင်ခြင်းနှင့် စောင့်ကြည့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကော်မရှင် ဆောင်ရွက်ချက်များအား အများပြည်သူအနေဖြင့် ဝင်ရောက်ကြည့်ရှုရာ တွင် အဆင်ပြေချောမွေ့ စေရန်အတွက် ကော်မရှင် Wesite အဆင့်မြှင့်တင်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၁၅၀။ ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင် Website တွင် အောက်ပါသတင်းများ လွှင့်တင်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေးရေးဆိုင်ရာသတင်းများ | ၆၃ ပုဒ် |
| (ခ) | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာသတင်းများ | ၃၀ ပုဒ် |
| (ဂ) | နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ သတင်းများ | ၆ ပုဒ် |
| (ဃ) | စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာသတင်းများ | ၇ ပုဒ် |

၁၅၁။ ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင် Website တွင် အောက်ပါ သတင်းထုတ်ပြန်ချက်များ လွှင့်တင်နိုင်ခဲ့ပါသည်-

(က) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၂၃)

(ခ) ၂၀၂၂ ခုနှစ်အတွင်း တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်မှု စခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၂/ ၂၀၂၃)

(ဂ) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights- UDHR) နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ ဆောင်ရွက်ချက်များ သတင်းထုတ်ပြန်ချက်အမှတ် (၃ /၂၀၂၃)

(ဃ) ပညာသင်ယူပိုင်ခွင့်နှင့် ပတ်သက်သည့် အရေးကြီးသော စဉ်းစားဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၄/ ၂၀၂၃)

(င) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် အမှတ် (၅/၂၀၂၃)

(စ) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် အမှတ် (၆/၂၀၂၃)

(ဆ) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၇/၂၀၂၃)

(ဇ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ဘိုးဘွားရိပ်သာ၊ မသန်စွမ်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းများကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ခြင်းများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၈/၂၀၂၃)

(ဈ) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၂၃)

(ည) အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၁၀/၂၀၂၃)

(ဋ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၁၁/ ၂၀၂၃)

(ဌ) ကမ္ဘာ့ကလေးသူငယ်များနေ့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၂၀၂၃)

(ဍ) ၇၅ နှစ်မြောက် လူ့အခွင့်အရေးနေ့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၁၃/၂၀၂၃)

**Myanmar National Webportal ၌ သတင်းများ ဖော်ပြခြင်း**

၁၅၂။ ကော်မရှင်၏ သတင်းများ၊ ထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ ထုတ်ဝေပြီး စာအုပ်စာနယ်ဇင်းများ၊ ဆောင်းပါးများ၊ ဝန်ထမ်းခေါ်ယူခြင်းကိစ္စရပ်များ၊ တင်ဒါခေါ်ယူခြင်း ကိစ္စရပ်များကို Myanmar National Webportal တွင် ဖော်ပြလျက်ရှိပါသည်။

၁၅၃။ ၂၀၂၃ ခုနှစ်အတွင်း Myanmar National Webportal တွင် အောက်ပါသတင်းများ ဖော်ပြနိုင်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ပညာပေးရေးဆိုင်ရာသတင်းများ | ၆ ပုဒ် |
| (ခ) | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာသတင်းများ | ၃၀ ပုဒ် |
| (ဂ) | နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ သတင်းများ | ၆ ပုဒ် |
| (ဃ) | စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာသတင်းများ | ၇ ပုဒ် |
| (င) | ဥပဒေရေးရာဆိုင်ရာသတင်းများ | ၁ ပုဒ် |

**Data server တပ်ဆင် အသုံးပြုခြင်း**

၁၅၄။ ကော်မရှင်ရုံးတွင် အသုံးပြုလျက်ရှိသော ကွန်ပျူတာများရှိ Data များသည် အချိန်ကြာလာသည်နှင့်အမျှ ပျက်စီးဆုံးရှုံးမှု ဖြစ်စေနိုင်ပါသည်။ ထိုသို့ Data များ ပျက်စီးဆုံးရှုံးခြင်း မရှိစေရေးအတွက် Data Server တပ်ဆင် အသုံးပြုလျက်ရှိပါသည်။

**Firewall တပ်ဆင် အသုံးပြုခြင်း**


၁၅၅။ ကော်မရှင်ရုံးတွင် အသုံးပြုလျက်ရှိသော ကော်မရှင် Website၊ Data Server၊ Complain Server နှင့် Computer များကို ပြင်ပမှ ဆိုက်ဘာတိုက်ခိုက်မှုများ အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် Firewall တပ်ဆင်၍ အသုံးပြုလျက်ရှိပါသည်။

**Video Conferencing စနစ် တပ်ဆင်ထားရှိခြင်း**

၁၅၆။ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများတွင် ဌာနတွင်းနှင့် ဌာနပြင်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် Online Meeting များ၊ Webinar များ၊ သင်တန်းများ ဆောင်ရွက်နိုင်ရေးအတွက် Video Conferencing System တပ်ဆင်ထားရှိပြီး လိုအပ်သော နည်းပညာ အကူအညီပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း**

၁၅၇။ ကော်မရှင်ရုံးဌာနအသီးသီးတွင် အသုံးပြုလျက်ရှိသည့် Desktop Computer များနှင့် Laptop Computer များအား Hardware ပြုပြင်ထိန်းသိမ်းခြင်းနှင့် Windows Installation ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



## မှတ်တမ်းဓာတ်ပုံများ



Digital Literacy သင်တန်း ပို့ချခြင်း



Digital Literacy သင်တန်း ပို့ချခြင်း



Digital Literacy သင်တန်း ပို့ချခြင်း



Digital Literacy သင်တန်း ပို့ချခြင်း

**နိဂုံး**

၁၅၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၄/ ၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့ရာ ဤအစီရင်ခံစာတင်သွင်းချိန်တွင်သက်တမ်းအားဖြင့် (၁၂)နှစ် ကျော်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါသက်တမ်းတွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် တစ်ကြိမ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမိန့်အမှတ် (၄/ ၂၀၂၁) ဖြင့် လက်ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မိမိတို့၏ တာဝန်များကို ဆက်လက်ဆောင်ရွက်ရန် တာဝန် ပေးအပ်ခဲ့ပါသည်။

၁၅၉။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈/ ၂၀၂၃) အရ ကော်မရှင်အဖွဲ့ဝင်ဦးပေါ်လွင်စိန်အား ကော်မရှင်ဥက္ကဋ္ဌအဖြစ် ပြောင်းလဲခန့်အပ် တာဝန်ပေးအပ်ခဲ့ပါသည်။

၁၆၀။ ယင်းသို့ တာဝန်ပေးအပ်ချက်များအရ ကော်မရှင်ဥပဒေပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များ၊ တာဝန်များနှင့်အညီ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်လျက်ရှိပြီး ကော်မရှင်ဥပဒေအရ ကော်မရှင်၏ ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြရမည်ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ ဤအစီရင်ခံစာကို တင်ပြအပ်ပါသည်။

၁၆၁။ ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကော်မရှင်၏ ဆောင်ရွက်ချက်များကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

၁၆၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပါ လုပ်ပိုင်ခွင့် တာဝန်များနှင့်အညီ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**